ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့၊ (20-9-2011) (၆၈၈၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

တရုတ် စက်မှုနှင့် ကုန်သွယ်ရေးဘဏ်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နှစ်နိုင်ငံ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဘဏ် (ICBC)ဥက္ကဋ္ဌ Mr. Yang Kaisheng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဘဏ် (ICBC)ဥက္ကဋ္ဌ Mr. Yang Kaisheng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးနေအေး၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဘဏ် (ICBC) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ တက်ရောက်သည်။

တွေ့ဆုံရာတွင် နှစ်နိုင်ငံ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

သက်တမ်းလွန်မော်တော်ယာဉ်များ စတင်အပ်နှံခြင်းဆောင်ရွက် စိစစ်ခွင့်ပြုထုတ်ပေးပုံ အဆင့်ဆင့် ယာဉ်ပိုင်ရှင်များအား ရှင်းလင်း

"စတင်လက်ခံသည့် ယနေ့တွင် အပ်နှံသည့် ယာဉ်စုစုပေါင်း ၃၈၁ စီးရှိကြောင်းနှင့် ယာဉ်ပိုင်ရှင်၏ဆန္ဒအရ ခေတ္တပြန်လည်အသုံးပြုမည့်စီးရေ ၄၅ စီးရှိကြောင်းသိရ"

ပြည်တွင်းသတင်း စာမျက်နှာ - ၄

လျှာထားချက်ပြည့်မီကျော်လွန်ရေးဟူသည့် အခြေအနေကို ဦးတည်ဆောင်ရွက်ရန်မဟုတ် ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် အခွန်အရပ်ရပ် ပြည့်ဝမှန်ကန်စွာရရှိရေး ဆောင်ရွက်

"အခွန်စည်းကြပ်ကောက်ခံရာ၌ မှန်ကန်မှုရှိစေရေး၊ ဝန်ထမ်းအဆင့်အတန်းအားလုံး ခံယူချက်မြင့်မားစွာဖြင့် သန့်ရှင်းသည့် အခွန်အဖွဲ့အစည်းတစ်ရပ် ထူထောင်သွားရေး စသည်တို့ကို အလေးထားဆောင်ရွက်သွားကြရန်ဖြစ်"

ပြည်တွင်းသတင်း စာမျက်နှာ - ၄

အစိုးရသစ်လက်ထက် ဖွင့်လှစ်ပေးခဲ့သော တံတားသစ်ငါးစင်း

"ယခုအခါ နိုင်ငံတစ်ဝန်း၌ ပေ ၁၈၀ အောက်တံတား ၆၂၄၈ စင်းနှင့် ပေ ၁၈၀ အထက် တံတား ၂၆၈ စင်း စုစုပေါင်း တံတား ၆၅၁၆ စင်း ရှိလာ"

သတင်းမှတ်စု စာမျက်နှာ - ၅

မြန်မာ့ဘောလုံးအားကစားစွမ်းရည် မြှင့်တင်ရေးအတွက် အကြံပြုစာတမ်းများ ရေးသားပြုစု၍ ဆက်သွယ်ပေးပို့နိုင်

"မြန်မာ့ဘောလုံးအားကစားစွမ်းရည် မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပရန် စီစဉ်လျက်ရှိသည်"

ပြည်တွင်းသတင်း စာမျက်နှာ - ၇

၂၀-၉-၂၀၁၁
(အင်္ဂါနေ့)

ဆန်စပါးကဏ္ဍဖွံ့ဖြိုးအောင် ဝိုင်းဝန်းဖော်ဆောင်

ရာသီဥတုပြောင်းလဲမှုများနှင့်အတူ ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာ ဖူလုံမှုရှိရေးသည် ပိုမိုလိုအပ်လာပြီဖြစ်သည်။ အာရှတွင် ဒေသတွင်း စားနပ်ရိက္ခာလုံခြုံမှုနှင့် စပါးဈေးကွက်တို့ နီးကပ်စွာဆက်စပ်လျက်ရှိသည်။ စိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံအဖို့ ဆန်စပါးစီးပွားရေးလုပ်ငန်းများနှင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးလာရေး ရှေ့တန်းတင် ဆောင်ရွက်ကြရပေတော့မည်။

ဆန်စပါးထုတ်လုပ်မှုတိုးတက်စေရေး နည်းလမ်းအသွယ်သွယ်ဖြင့် အားထုတ်ကြရပေမည်။ လယ်ယာကဏ္ဍ မြေလွတ်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးနိုင်ရေး၊ စက်မှုလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ရေး နိုင်ငံတော်က အားပေးနေသည်။ စိုက်ပျိုးမြေဧရိယာ တိုးချဲ့ရုံသာမက သီးနှံတစ်ဧက အထွက်တိုးရေးသည် အဓိကဖြစ်လာသည်။ လယ်ယာသုံး စက်ကိရိယာပစ္စည်းများ ပြည့်ပြည့်ဝဝ ရယူအသုံးပြုနိုင်ရေး၊ ဆန်စပါး မျိုးကောင်းမျိုးသန့် မျိုးစေ့လိုအပ်ချက် လုံလုံလောက်လောက် ရရှိရေးတို့သည် ထည့်သွင်းစဉ်းစားရမည့် အချက်များဖြစ်သည်။

မျိုးကောင်းမျိုးသန့် အထွက်တိုးမျိုးစေ့များ ထုတ်လုပ်ပေးနိုင်ရေး ဆန်စပါးအထူးပြုကုမ္ပဏီများက ပါဝင်ကြိုးပမ်းသင့်သည်။ နိုင်ငံတကာဈေးကွက်ဝင်သည့်အခါ ဆန်အရည်အသွေးကောင်းမွန်ရေး အလေးထားကြရမည်ဖြစ်သည်။ ဆန်အရည်အသွေးကောင်းမွန်စေရေး ရိတ်သိမ်းချိန်မှသည် သိုလှောင်ချိန်အထိ အလေအလွင့်နည်းရေး သတိပြုကြရပေမည်။ အခြောက်ခံကိရိယာများ၊ ရိတ်သိမ်းခြွေလှေ့စက်များ ပြည့်စုံစွာ အသုံးပြုနိုင်ရေး ကူညီပံ့ပိုးကြရပေမည်။

ယခုအခါ ကျေးလက်ဒေသများဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်လျက်ရှိရာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ဆန်စပါးများ ပိုမိုထုတ်လုပ်နိုင်သည်နှင့်အမျှ တောင်သူလယ်သမားများ ဝင်ငွေပိုမိုတိုးတက်ရရှိလာနိုင်သည်။ ဆည်ရေသောက်လယ်မြေများတွင် နွေစပါးကို အဓိကသီးနှံအဖြစ် ထိထိရောက်ရောက် စိုက်ပျိုးခြင်း၊ အထွက်နှုန်းတိုးစပါးမျိုးများ ပြောင်းလဲအသုံးပြုခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ တွင်တွင်ကျယ်ကျယ် အသုံးပြုလာခြင်းတို့သည် ဆန်စပါးထုတ်လုပ်မှုဖွံ့ဖြိုးရေး အလေးထားလုပ်ဆောင်သင့်သည့် အချက်များဖြစ်သည်။

ထို့အတူ ဆန်စပါးနှင့် လယ်ယာထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် တောင်သူများတွက်ခြေကိုက်ရေး၊ တင်ပို့ရောင်းချရာတွင် ခိုင်မာသောဈေးကွက်နှင့် ဆန်စပါးဈေးကောင်းရရှိရေးတို့ကိုလည်း ဆန်စပါးအထူးပြုကုမ္ပဏီများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရပေမည်။

ဆန်စပါးစီးပွားရေးလုပ်ငန်းသည် ကျယ်ပြန့်သည်။ ဆန်စပါးကဏ္ဍဖွံ့ဖြိုးလာရေး ဝိုင်းဝန်းဖော်ဆောင်ကြရန် လိုအပ်သည်။ လယ်ယာစိုက်ပျိုးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဌာနများ အပါအဝင် ဆန်စပါးအထူးပြုကုမ္ပဏီများ၊ ဆန်စပါးကုန်သည်ကြီးများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးလာမှုနှင့်အတူ တောင်သူများ တွက်ခြေကိုက် ဝင်ငွေတိုးရေး အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပေသည်။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၉-၉-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၄၈၀၁	၀. ၀၃၂၈၁
တရုတ် (ယွမ်)	၆. ၃၉၀၅၀	၀. ၁၅၆၄၈
အိန္ဒိယ (ရူပီး)	၄၇. ၇၈၀၀	၀. ၀၂၀၉၃
မလေးရှား (ရင်းဂစ်)	၃. ၁၁၆၀၀	၀. ၃၂၀၉၂
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၉၈၇	၀. ၇၉၃၇၃
ဂျပန် (ယန်း)	၇၆. ၆၈၉၈	၀. ၀၁၃၀၄
တောင်ကိုရီးယား(ဝမ်)	၁၁၄၀. ၁၃	၀. ၀၀၀၈၈
ယူရို	၀. ၇၃၂၅၇	၁. ၃၆၅၀၅
ဗြိတိသျှ (ပေါင်)	၀. ၆၃၆၆၉	၁. ၅၇၀၆၁

အင်တာနက်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဗြိတိန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလားအလာများဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H. E. Mr. Andrew Richard Heyn သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H. E. Mr. Andrew Richard Heyn လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မန္တလေးဆေးတက္ကသိုလ်(မေ/၁၉၈၁) ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

မန္တလေးဆေးတက္ကသိုလ် (မေ/၁၉၈၁) ကျောင်းသား၊ ကျောင်းသူများ၏ ငွေရတုနှစ်ပတ်လည်နှင့် ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို မန္တလေးမြို့၌ အောက်တိုဘာ ၁၆ ရက်နှင့် ရန်ကုန်မြို့၌ နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံဆရာဝန်များအသင်းတိုက် (ရန်ကုန်-မန္တလေး)တို့၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေများကို ဒေါက်တာကျော်ဇေယျ ဖုန်း-၀၉-၂၀၂၄၂၄၆၊ ဒေါက်တာသက်ဆွေ ဖုန်း-၀၉-၂၀၀၁၆၇၉၊ ဒေါက်တာသောင်းထွန်း ဖုန်း-၀၉-၂၀၁၀၅၃၁၊ ဒေါက်တာမျိုးဝင်း ဖုန်း-၀၉-၂၀၁၁၀၃၄၊ ဒေါက်တာစန္ဒာ ဖုန်း-၀၉-၂၀၀၂၈၆၅၊ ဒေါက်တာချိုချိုသန်း ဖုန်း-၀၉-၅၀၁၄၉၇၅၊ ဒေါက်တာခင်နှင်းဝေ ဖုန်း-၀၉-၉၁၀၀၈၁၅၂၊ ဒေါက်တာမမြင့်ဆွေ ဖုန်း-၀၉-၂၀၀၂၈၅၇၊ ဒေါက်တာမိမိထွေး ဖုန်း-၀၉-၆၈၀၆၂၇၇၊ ဒေါက်တာထွန်းထွန်းပိုင် ဖုန်း-၀၁-၂၀၅၃၀၀၊ ဒေါက်တာမီမီလွင် ဖုန်း-၀၉-၅၁၂၈၃၀၄၊ ဒေါက်တာထွေးထွေးစန်း ဖုန်း-၀၉-၅၁၅၆၅၀၃၊ ဒေါက်တာကေသီဘုန်းနိုင် ဖုန်း-၀၉-၅၄၀၀၁၀၁၊ ဒေါက်တာဥမ္မာလှိုင် ဖုန်း-၀၉-၅၄၁၅၄၅၈ နှင့် ဒေါက်တာဝင်းမေသိန်း ဖုန်း-၀၉-၆၈၁၃၂၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး အမှတ်တရ စာအုပ်ထုတ်ဝေနိုင်ရန် လိပ်စာနှင့်ဓာတ်ပုံများကို ဒေါက်တာကြည်ကြည်မွန် ဖုန်း-၀၉-၄၃၀၁၅၄၀၆ (counter.yhm@gmail.com) သို့ စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လစာစရိတ်နှင့် ပင်စင်သင်တန်းများဖွင့်

ရန်ကုန် စက်တင်ဘာ ၁၉

ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၂) မွမ်းမံသင်တန်းနှင့် ဌာနခွဲစာရေး၊ အကြီးတန်းစာရေး (လစာစရိတ်နှင့် ပင်စင်) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီးမှ အင်ဂျင်နီယာမှူးကြီး ဦးသိန်းဆိုင်က တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ ၅၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်မည် ဖြစ်သည်။

(သတင်းစဉ်)

ကော့ဘိန်းကျေးရွာအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၉

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာအုပ်စု နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ကော့ဘိန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဇော်က ကျောင်းသား၊ ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုထံသို့လည်းကောင်း၊ ကော့ကရိတ်ခရိုင်ဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ကော့ဘိန်းကျေးရွာအုပ်စုနှင့် ကော့ပေါက်ကျေးရွာအုပ်စုတို့မှ နိုင်ငံသားစိစစ်ရေး ကတ်ပြားများအား သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံသို့လည်းကောင်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးညိုညိုသန်းက မင်းရွာကျေးရွာအုပ်စုမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား မင်းရွာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၂၈၈၇ ကတ် ပေးအပ်ခဲ့ကြောင်း သိရသည်။**(ဝဲပုံ)**

(သတင်းစဉ်)

ပ ညာ မြင့် မှ
လူ မျိုး တင့် မည်

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၉-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ မှတ်တမ်း

ညပိုင်း

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၂၀ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၆။ အင်္ဂလိပ်စာသုတ
၄း၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် အပိုင်း (၃၈)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၂။ Guide For You
၆း၃၀ ၁၃။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၈)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ မွေးမြူသုတ
၂၁။ ဟာသရုပ်စုံ
၂၂။ သီချင်းလက်ဆောင်
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ အပိုင်း (၁၇)**
၂၅။ Mini Series

မြိတ်မြို့၌ ပင်လယ်ရေမှော်မွေးမြူသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့် အသေးစားချေးငွေပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၉

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များအတွက် မတည်ငွေပေးအပ်ပွဲနှင့် ပင်လယ်ရေမှော်မွေးမြူသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့် အသေးစားချေးငွေ ပေးအပ်ပွဲကို စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ လော့လော့ကျေးရွာ Myanmar MSC Co., Ltd. အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှထွန်းက ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Myanmar MSC Co., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Park Jong Won က မတည်ငွေကျပ်သိန်း ၃၄၀ ကို မြိတ်ခရိုင် အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းကော်မတီဝင်များ၊ တာဝန်ရှိသူများက လုပ်ငန်းသုံးပစ္စည်းများနှင့် အသေးစားချေးငွေများကို ပင်လယ်ရေမှော်မွေးမြူသူ ၂၉ ဦးအား ပေးအပ်ခဲ့ကြသည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးသံမှူး Mr. Jin Honggen နှင့် Kumming Baoyizhuang Industry and Trade Co., Ltd. ဥက္ကဋ္ဌ Mr. Zhang Xianjue နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွား/ကူးသန်းသံမှူး အဖွဲ့နှင့် ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ ဧည့်အဖွဲ့တို့ သီးခြားစီတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၉

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးသံမှူး Mr. Jin Honggen နှင့် Kumming Baoyizhuang Industry and Trade Co., Ltd. ဥက္ကဋ္ဌ Mr. Zhang Xianjue နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ ဆွေးနွေးခဲ့ကြသည်။ အလားတူ ပြည်ထောင်စုဝန်ကြီးအား ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ New Top Hong Kong Group Ltd. and Baohua Mining Co.,Ltd. Managing Director Ms. Yan Yuchen နှင့်အဖွဲ့သည်လည်း မွန်းတည့် ၁၂ နာရီတွင် လာရောက်တွေ့ဆုံ၍ ချင်းပြည်နယ် မြွေတောင်ဒေသ၌ သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ ဆွေးနွေးခဲ့ကြသည်။(သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၉/၂၀၁၁)ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၉/၂၀၁၁) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကျော်ကျော်ထွန်း တက်ရောက်၍သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့-အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ဌေး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူ အရာရှိ စုစုပေါင်း ၂၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကျော်ကျော်ထွန်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၉/၂၀၁၁) ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဒလမြို့၌ အသိပညာပေး

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲတွင် ဒလမြို့ အထက(၂) အောင်ဆန်းခန်းမ၌ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒလမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်ဇော်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်ညိုတို့က လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် သတိပြုရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သိကောင်းစရာအကြောင်းများကို အသိပညာပေးဟောပြောသည်။ ယင်းနောက် တက်ရောက်လာကြသူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ (ကြေးမုံ)

အာဆီယံ-အိန္ဒိယ ကျောင်းသားလူငယ် နှီးနှောဖလှယ်ပွဲတက်ရန် အိန္ဒိယသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၉

အိန္ဒိယသမ္မတနိုင်ငံရှိ မြို့ကြီးများ၌ စက်တင်ဘာ ၁၈ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် အာဆီယံ-အိန္ဒိယ ကျောင်းသားလူငယ် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ခင်ဖြူရွှေနှင့် ဒေါ်သွန်းဖြိုးဆုလာဘ်လှိုင်တို့သည် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အကြံပေး ဒေါ်တင်ရွှေ၊ အတွင်းရေးမှူး ဒေါ်နှင်းဝေနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

ရေအလေအလွင့် ဖြစ်ပွားနေသည်များကို ပြုပြင်သွားမည်

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ရန်ကုန်မြို့နေ ပြည်သူများအတွက် နေ့စဉ် ရေဖြန့်ဝေပေးမှု၌ လေလွင့်ဆုံးရှုံးမှုများရှိရာ ရေပြန်းတီးမှုနှင့် လေလွင့်ဆုံးရှုံးမှုများကို ကာကွယ်နိုင်ရန် လိုက်လံစစ်ဆေးခြင်းနှင့် အခမဲ့ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ရေပိုက်လိုင်းများတစ်လျှောက် ရေပြန်းတီးမှုများ ဖြစ်နေခြင်းနှင့် ဌာနဆိုင်ရာများ၊ နေအိမ်များ၊ ကျောင်းများစသည့်နေရာများတွင် ရေပိုက်ခေါင်းများ မကောင်းခြင်း၊ မလုံခြင်း၊ ရေတိုင်ကီ ရေဆင်းဘားများ မလုံခြင်း၊ ပိုက်ဆက်များ မလုံခြင်း၊ ပိုက်များ ကွဲအက်နေခြင်းစသည့် နည်းမျိုးစုံဖြင့် ရေပြန်းတီးမှုများကို စက်တင်ဘာနှင့် အောက်တိုဘာလများတွင် ပြုပြင်သွားမည်ဖြစ်သည်။

ရေပိုက်များပြုပြင်လိုခြင်း၊ ရေအလေအလွင့်ဖြစ်နေမှုကို သတင်းပေးလိုခြင်း၊ ရေရရှိမှု ခက်ခဲနေခြင်းများကို အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဖုန်း-၀၁-၃၈၂၉၉၀၊ အရှေ့ပိုင်း ရေသန့်ခရိုင်မှူး ဖုန်း-၀၉-၅၀၄၁၈၄၁၊ အနောက်ပိုင်း ရေသန့်ခရိုင်မှူး ဖုန်း-၀၉-၅၁၉၆၂၉၃၊ တောင်ပိုင်းရေသန့်ခရိုင်မှူး ဖုန်း-၀၉-၅၁၁၂၄၀၆ နှင့် မြောက်ပိုင်း ရေသန့်ခရိုင်မှူး ဖုန်း-၀၉-၅၀၈၁၂၂၉ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ပြီး စည်ပင်ဝန်ထမ်းများက အခမဲ့ပြုပြင်၍ ပစ္စည်းကုန်ကျစရိတ်ကို ကာယကံရှင်က ကျခံရမည်ဖြစ်ကြောင်း သိရှိရသည်။ (နွဲ့နွဲ့ကြည်-သတင်းစဉ်)

စံချိန်စံနှုန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၉

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဦးစားပေး တည်ဆောက်ထားသော ဟိုတယ်များကို ဂရင်းဟိုတယ်ဟု သတ်မှတ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဂရင်းဟိုတယ်များ ထွက်ပေါ်လာရေး ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတွင် ဂရင်းဟိုတယ် စံချိန်စံနှုန်းများနှင့်အညီ ဟိုတယ်များမှ လိုက်နာကျင့်သုံးနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၄ ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးကျော်ထွန်းက အာဆီယံဂရင်းဟိုတယ် စံချိန်စံနှုန်းများအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ မြန်မာနိုင်ငံ ဗိသုကာအသင်းမှ ဒေါ်ချောကလျာက အဆောက်အအုံများနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအုန်းမြင့်က စွမ်းအင်ခြိုးခြံချွေတာခြင်းနှင့် ထိရောက်စွာ အသုံးပြုနိုင်မှု၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဦးလှဘော်က မြန်မာနိုင်ငံတွင် ရေစီမံခန့်ခွဲမှု၊ Nature Lovers International မှ ဥက္ကဋ္ဌ ဦးအောင်ဒင်က စိမ်းလန်းစေမှုနှင့် ဟိုတယ်နှင့် ခရီးသွားမှ ဒုတိယအထွေထွေမန်နေဂျာ ဦးရဲမြင့်က ဂရင်းဟိုတယ် စံချိန်စံညွှန်းများကို ဖတ်ကြားတင်ပြကြသည်။ (ကြေးမုံ)

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးစိုးညွန့်နှင့် ဦးအောင်ဇော်သိန်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု (၇)မှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့ပြင် တရားမအထူး အယူခံမှု(၈)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ပူတာအိုဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းသည် စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် ပူတာအိုမြို့နယ် မူလာရှီးဒီရွာအနီးရှိ မူလာရှီးဒီ သံကူကွန်ကရစ်တံတားအသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မူလာရှီးဒီကျေးရွာရှိ မလိခဟိုတယ်ကိုလည်းကောင်း၊ ပူတာအိုမြို့ ဟိုခိုရပ်ကွက်နှင့် ပန်းလှိုင်ရပ်ကွက်တို့၌ ချောင်းရေတိုက်စားမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ခါကာဘိုရာဇီရိပ်သာ၌ ခေါင်လန်ဖူးမြို့နယ် နင်တန်ဂေါင်ကျေးရွာမှ လတ်တလော ပဋိပက္ခများကြောင့် ခေတ္တပြောင်းရွှေ့ရောက်ရှိလာသူတို့အား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

UMFCCI သင်တန်းကျောင်း စုပေါင်းသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သော Certificate Course for Office Management အပတ်စဉ်(၆)၊ Certificate Course for Practical Approach to International Trade အပတ်စဉ်(၄)၊ Certificate Course for Systematic Distribution and Management အပတ်စဉ်(၄)၊ Certificate Course for Sale and Marketing အပတ်စဉ်(၂)၊ Certificate Course for Business English အပတ်စဉ်(၄)နှင့် Certificate Course for Japanese Language အပတ်စဉ်(၄) သင်တန်းများဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အသင်းချုပ် ပထမထပ်ခန်းမကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က သင်တန်းများဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဖခင် ဦးအေးမောင်၊ မိခင် ဒေါ်ပို့နှင့် မောင်ဖြစ်သူ ဦးကျော်ခင်တို့အား ရည်စူး၍ ရန်ကုန်မြို့ လသာမြို့နယ် (၂၁)လမ်းနေ ဒေါ်နုနုရီက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် သုံးသိန်းလှူဒါန်းစဉ်။ (ကြေးမုံ)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း သက်တမ်းလွန်မော်တော်ယာဉ်များ လာရောက်အပ်နှံကြသည့် ယာဉ်ပိုင်ရှင်များအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

သက်တမ်းလွန်မော်တော်ယာဉ်များ စတင်အပ်နှံခြင်းဆောင်ရွက် စိစစ်ခွင့်ပြုထုတ်ပေးပုံအဆင့်ဆင့် ယာဉ်ပိုင်ရှင်များအား ရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၁၉

သက်တမ်းလွန်မော်တော်ယာဉ်များအပ်နှံ၍ အစားထိုးတင်သွင်းခြင်းအတွက် အပ်နှံသည့် ယာဉ်များစတင်လက်ခံသည့် ယနေ့တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းတို့သည် နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးသို့ ညနေ ၄ နာရီတွင် သွားရောက်၍ သက်တမ်းလွန်ယာဉ်များ အပ်နှံမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သက်တမ်းလွန် မော်တော်ယာဉ်များ အပ်နှံမှုအတွက် အစားထိုးတင်သွင်းရန် သွင်းကုန်ပါမစ်လျှောက်ထားရာ၌ ပါရှိရမည့် အချက်အလက်များ၊ သွင်းကုန်ပါမစ်လျှောက်ထားရာတွင် (One Stop Service) ဖြင့် စိစစ်ခွင့်ပြုထုတ်ပေးပုံ အဆင့်ဆင့်နှင့်စပ်လျဉ်း၍ လာရောက်အပ်နှံသည့် ယာဉ်ပိုင်ရှင်များအား ရှင်းလင်းပြောကြားသည်။

သက်တမ်းလွန်ယာဉ်များ လာရောက်အပ်နှံရာတွင် အပ်နှံသည့် ယာဉ်အပေါ်မူတည်၍ က. ည. န မှ ယာယီမှတ်ပုံတင်ခ ၁၀၀ ရာခိုင်နှုန်း နှုန်းထားတွင် ယာဉ်ကြံ့ခိုင်မှုအခြေအနေအပေါ် မူတည်၍ ၃၀ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းအကြား လျှော့ပေါ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အပ်နှံပြီးစီးပါက အပ်နှံပြီးစီးကြောင်းကို က. ည. န မှ ထုတ်ပေးသည့် (ပြေစာ) နှင့်အတူ စီးပွား/ကူးသန်းဝန်ကြီးဌာနသို့ သွားရောက်၍ တင်သွင်းခွင့် ပါမစ်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း သိရှိရသည်။

သက်တမ်းလွန်ယာဉ်များအပ်နှံခြင်းအား စတင်လက်ခံသည့် ယနေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံး (၁၈)ရုံး၌ လက်ခံဆောင်ရွက်ခဲ့ရာ အပ်နှံသည့် ယာဉ်စုစုပေါင်း ၃၈၁ စီးရှိကြောင်းနှင့် ယာဉ်ပိုင်ရှင်၏ ဆန္ဒအရ ခေတ္တပြန်လည် အသုံးပြုမည့် စီးရေ ၄၅စီး ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတော်သြဝါဒါစရိယ ပြည်မြို့ နဝင်းဝါဆိုကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တတိဿဝရ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံတော်သြဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝင်းဝါဆိုကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၆)ဝါရှိ ဘဒ္ဒန္တတိဿဝရသည် ၁၃၇၃-ခုနှစ် တော်သလင်းလပြည့်ကျော်(၇)ရက် စက်တင်ဘာ ၁၉ ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ထိုင်းနှင့် ဗီယက်နမ် ဗိုလ်လုပွဲတက်

ရန်ကုန် စက်တင်ဘာ ၁၉

အာဆီယံ ယူ-၁၉ လူငယ်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ကျင်းပရာ ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အိမ်ရှင်မြန်မာတို့ ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် ဗိုလ်လုပွဲတက်ရေး ကြိုးစားခဲ့သော်လည်း ပယ်နယ်တီဂိုးဖြင့် ဗိုလ်လုပွဲနှင့် ဝေးရပြီဖြစ်သည်။ ထိုင်းအသင်းမှာ အိမ်ရှင်မြန်မာနှင့် တွေ့ဆုံရသော်လည်း တည်တည်ငြိမ်ငြိမ်ဖြင့် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အနိုင်ဂိုးကို ၇၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် တိုက်စစ်မှူး ပါခွန်က သွင်းယူခဲ့သည်။

(သုဝဏ္ဏကွင်း)
ထိုင်း-နှစ်ဂိုး
မြန်မာ-တစ်ဂိုး
(အောင်ဆန်းကွင်း)
ဗီယက်နမ်-နှစ်ဂိုး
မလေးရှား-တစ်ဂိုး
၂၁-၉-၂၀၁၁
ညနေ ၃ နာရီခွဲ
(တတိယလုပွဲ)
မြန်မာ-မလေးရှား
ညနေ ၆ နာရီ ၁၀ မိနစ်
(ဗိုလ်လုပွဲ)
ထိုင်း-ဗီယက်နမ်

သတင်း-ရှိုင်းထက်ဇော်

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပုဏ္ဏားကျွန်းမြို့ မြို့မဈေးဖွဲ့စည်းရေးနှင့် ရင်းနှီးမတည်ငွေပေးအပ်ပွဲ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၉

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြို့မဈေးဖွဲ့စည်းရေးနှင့် ရင်းနှီးမတည်ငွေ ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်၍ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းကို လုပ်ငန်း(၈)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါလုပ်ငန်း(၈)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ အသင်းအဖွဲ့များ ဖွဲ့စည်းပြီး ရင်းနှီးမတည်ငွေများ ရရှိစေရန်ဖြစ်ကြောင်း၊ ရရှိလာသည့် ရင်းနှီးမတည်ငွေများကို မိမိတို့၏လုပ်ငန်းတွင် အကျိုးရှိရှိ အသုံးချပြီး ဝင်ငွေတိုးတက်ရရှိလာကာ လူမှုစီးပွားဘဝအဆင့်အတန်း မြင့်မားလာစေရန် ကြိုးပမ်းလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် မြို့မဈေးသူ၊ ဈေးသားများအတွက် ရင်းနှီးမတည်ငွေများကို ပေးအပ်ရာ မြို့မဈေး ဥက္ကဋ္ဌက လက်ခံသည်။ ဆက်လက်၍ ပုဏ္ဏားကျွန်းမြို့ပေါ် လုပ်ငန်းရှင်များကိုယ်စား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မတည်ရင်းနှီးငွေကျပ် ၁၂ သိန်းကို မြို့မဈေး ဥက္ကဋ္ဌ ဦးကျော်နုထံ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ နံနက် ၁၁ နာရီတွင် ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးလှဘော်သူက စာအုပ်ထားသိုမှု၊ မှတ်သားမှုစနစ်၊ ဌာနရမ်းမှုစနစ်၊ ပြန်/ဆက်ဌာန၏ တစ်နှစ်တာလုပ်ငန်း ရည်မှန်းချက်တာဝန်များ၊ စံငါးချက်ညီ စာကြည့်တိုက်များ ဆောက်လုပ်ရေး၊ လုပ်ငန်းတာဝန်များနှင့် စာကြည့်ခန်း၌ ခင်းကျင်းပြသထားသည့် နံရံကပ် ဓာတ်ပုံပြဘုတ်များကို လိုက်လံရှင်းလင်းပြသခဲ့သည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၁)သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လျာထားချက်ပြည့်မီကျော်လွန်ရေးဟူသည့် အခြေအနေကို ဦးတည်ဆောင်ရွက်ရန် မဟုတ် ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် အခွန်အရပ်ရပ် ပြည့်ဝမှန်ကန်စွာရရှိရေး ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၉

ရှင်းလင်းလွယ်ကူပြီး ပွင့်လင်းမြင်သာမှုရှိသည့် အခွန်စီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်ရေးအတွက် ကာလတိုကာလရှည် အစီအမံများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အခွန်စီမံခန့်ခွဲရေးမူဝါဒ၊ အခွန်ဥပဒေနှင့် အခွန်စည်းကြပ်ကောက်ခံမည့် အဖွဲ့အစည်းတို့သည် ဟန်ချက်ညီ တိုးတက်ပြောင်းလဲကြရမည်ဖြစ်ကြောင်း၊ အခွန်ထမ်းပြည်သူများအား အခွန်ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ အခွန်ထမ်းများအပေါ် စနစ်ကျမှန်ကန်စွာ ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ အရည်အသွေးမြင့်မားစေရန် ယခုကဲ့သို့ အခွန်စီမံခန့်ခွဲရေးဆိုင်ရာ မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း စသည်ဖြင့် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၁)သင်တန်း ဖွင့်ပွဲအခမ်းအနား၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သင်တန်းသား၊ သင်တန်းသူများသာမက ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူအဆင့်ဆင့်သည် ဘဏ္ဍာနှစ်အတွင်း လျာထားချက် ပြည့်မီကျော်လွန်ရေးဟူသည့် အခြေအနေတစ်ရပ်ကို ဦးတည်ဆောင်ရွက်ခြင်းမပြုဘဲ ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် အခွန်အရပ်ရပ် ပြည့်ဝမှန်ကန်စွာရရှိစေရေး ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အခွန်နှုန်းထားများ လျှော့ချပြီး အခွန်အခြေခံများ ကျယ်ပြန့်လာစေရေး၊ အခွန်စည်းကြပ်ကောက်ခံရာ၌ မှန်ကန်မှု ရှိစေရေး၊ ဝန်ထမ်းအဆင့်အတန်းအားလုံး ခံယူချက်မြင့်မားစွာဖြင့် သန့်ရှင်းသည့် အခွန်အဖွဲ့အစည်းတစ်ရပ် ထူထောင်သွားရေး စသည်တို့ကို အလေးထားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါသင်တန်းတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ မြို့နယ်အခွန် ဦးစီးဌာနမှူး ၄၆ ဦးသည် ရက်သတ္တလေးပတ်ကြာ အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသင်ယူကြရမည်ဖြစ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ မြို့နယ်အခွန်ဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဘဏ် (ICBC) ဥက္ကဋ္ဌ Mr. Yang Kaisheng နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့၍ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ICBC ၏ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်ပြုသည့် အသိအမှတ်ပြု စာရွက်စာတမ်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက ICBC ဥက္ကဋ္ဌ Mr. Yang Kaisheng ထံ ပေးအပ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နိုင်ငံတကာဘဏ်များသည် စီးပွားရေးလုပ်ငန်းများ၊ ငွေရေးကြေးရေးလုပ်ငန်းများနှင့် ဆက်သွယ်မှုရယူရန်အတွက် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်လျက်ရှိရာ ICBC သည် (၁၅)ဘဏ်မြောက် အဖြစ် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်သည့် ငွေရေးကြေးရေး အဖွဲ့အစည်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အစိုးရသစ်လက်ထက် ဖွင့်လှစ်ပေးခဲ့သော တံတားသစ်ငါးစင်း

သတင်းမှတ်စုနှင့် ဓာတ်ပုံ အောင်သိမ်း

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သော တံတားပေါင်းမှာ ငါးစင်းရှိပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။ တံတားအားလုံးမှာ ပေ ၁၈၀အထက် တံတားများဖြစ်ပြီး အရှည်ပေ ၁၉၀ရှိ မမြချောင်းတံတားမှာ ပထမဆုံးဖွင့်လှစ်ပေးနိုင်ခဲ့သောတံတားဖြစ်သည်။ ယခုနှစ် ဧပြီ ၂၄ ရက်က တံတားကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ထို့နောက် အရှည်ပေ ၃၅၀ ရှိ နန့်ခွင်တံတား၊ ၄၆၆ ပေရှိ အောက်နတ်ချောင်းတံတား၊ ပေ ၂၇၀ ရှိ မြို့ချောင်းတံတားနှင့် ပေ ၂၄၀ ရှိ နဂါးပေါက်တံတားတို့ကို ဆက်လက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ တံတားအားလုံးကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအောက်ရှိ တံတားဆောက်လုပ်ရေးအထူးအဖွဲ့များက ဆောက်လုပ်ခဲ့သည်။

မမြချောင်းတံတားသည် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်ရှိ ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်းပေါ်၌ တည်ရှိသည်။ သံကူကွန်ကရစ်တံတားဖြစ်ပြီး

သံကူကွန်ကရစ်တံတားကြီးဖြစ်သည့် မမြချောင်းတံတားကို တွေ့ရစဉ်။

ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်း တစ်ဖက်သုံးပေစီပါရှိပါသည်။ ယာဉ်တစ်စီးချင်းခွင့်ပြုဝန်မှာ တန် ၆၀ ဖြစ်သည်။ အဆိုပါ တံတားမှာ ယခင်က ပေ ၁၅၀ ရှိ သစ်သားတံတားဖြစ်ပြီး ချောင်းရေစီးကြမ်းမှုကြောင့် တံတားတိုင်များ ယိမ်းယိုင်၊ နိမ့်ကျ၊ ပြိုလဲမှုများ မကြာခဏ ဖြစ်ပွားခဲ့သည်။ တံတားအကျယ်မှာလည်း ၁၂ ပေသာရှိရာ ယာဉ်တစ်စီးဖြတ်လျှင် မျက်နှာချင်းဆိုင်မှ အခြားယာဉ်တစ်စီးက ရပ်၍ စောင့်ဆိုင်းရသည်။ အန္တရာယ်များ၍ လမ်းကျဉ်းခြင်းတို့ကြောင့် သွားလာသူများ ခရီးဖင့်စေခဲ့သောတံတား ဖြစ်သည်။ ယခု နှစ်လမ်းမောင်း ကွန်ကရစ်တံတားသစ်ကြီး ဖွင့်လှစ်ပြီးဖြစ်ရာ ယာဉ်သွားလာမှုနှင့် ကုန်စည်စီးဆင်းမှုကို သွက်လက်မြန်ဆန်စေခဲ့ပြီဖြစ်သည်။

ဒုတိယမြောက်ဖွင့်လှစ်ခဲ့သော နန့်ခွင်တံတားမှာ ကချင်ပြည်နယ် ဟိုပင်မြို့နယ်အတွင်း ရွှေဘို-မြစ်ကြီးနားလမ်းမကြီးပေါ်၌ တည်ရှိပြီး မေ ၂၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ အချင်းကိုးပေရှိ ရေတွင်းခွေ အုတ်မြစ်၊ အောက်ထည် သံကူကွန်ကရစ်တိုင်၊ အပေါ်ထည် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြင့် တည်ဆောက်ထားသည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ခွင့်ပြုဝန် တန် ၆၀ ဖြစ်သည်။ တံတားကြီးကို ၂၀၀၈ ခုနှစ်မှစ၍ သုံးနှစ်ခန့် အချိန်ယူတည်ဆောက်ခဲ့ရသည်။ မူလတံတားဟောင်းမှာ သံပေါင်နှင့် သစ်သားကြမ်းခင်း၊ သစ်သားငြမ်းများဖြင့်သာ တည်ဆောက်ထားသဖြင့် ခွင့်ပြုဝန် ၁၃ တန်အထိသာ ဖြတ်သန်း၍ ရသည်။ တန်ချိန်များသည့် ယာဉ်ကြီးများမှာ ချောင်းရေအခြေအနေကိုကြည့်၍ ချောင်းအတွင်းမှသာ ဖြတ်သန်းသွားလာခဲ့ရသည်။ ယခုအခါ မြစ်ကြီးနား၊ မိုးကောင်း၊ ဖားကန့်စသည့် ကချင်ပြည်နယ်အတွင်းရှိ မြို့များသို့ သွားလာသည့် ကုန်တင်ယာဉ်ကြီးများပါ တံတားကြီးပေါ်မှ ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်သည်။

အောက်နတ်ချောင်း တံတားမှာ ဧရာဝတီတိုင်းဒေသကြီးရှိ လမ်းကွန်ရက်အမှတ်(၆) ဖြစ်သည့် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ် ဘိုကလေးမြို့နယ်အတွင်း၌ရှိပြီး အောက်ထည်သံကူကွန်ကရစ်၊ အပေါ်ထည် ဘေလီသံပေါင်တံတားကြီးဖြစ်သည်။ အကျယ် ၁၃ ပေခွဲရှိပြီး ခွင့်ပြုဝန်မှာ ၁၃ တန်ဖြစ်သည်။ လမ်းကွန်ရက်အမှတ် (၆)ပေါ်တွင် တံတား (၁၆) စင်းရှိပြီး တည်ဆောက်ဆဲတံတား ငါးစင်းရှိသည်။ ဒေသခံများမှာ ယခင်က ရေလမ်းကိုသာ အားထားသွားလာရသည်။ ဤလမ်းပြီးစီးပါက ဘိုကလေးမှအမာသို့ ကုန်းလမ်းခရီးဖြင့် တောက်လျှောက်သွားလာနိုင်တော့မည်ဖြစ်သည်။ ယင်းလမ်းမှာ ဖျာပုံ-ကျိုက်လတ်-ဒေါင်ငြိမ်း-အမာလမ်းမှ သွားလာရခြင်းထက် ၃၂ မိုင် ၅ ဖာလုံ တိုတောင်းသွားမည်ဟု သိရှိရသည်။

စတုတ္ထမြောက် ဖွင့်လှစ်ခဲ့သည့် မြို့ချောင်းတံတားမှာ ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း - ဖဒို - ပိန်းဇလုပ်လမ်းပေါ်၌ တည်ရှိသည်။ သံကူကွန်ကရစ်လွန်တူးပိုင် အုတ်မြစ်သံကူကွန်ကရစ်သံပေါင်ရက်မများဖြင့် တည်ဆောက်ထားသည်။

နန့်ခွင်တံတားဖွင့်ပွဲ အထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။

တံတားကို ဇူလိုင် ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ခွင့်ပြုဝန် ၇၅ တန်အထိရှိသည်။ မင်းလှ-ပိန်းဇလုပ်လမ်းမှာ ပဲခူးရိုးမအရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ဆက်သွယ်ပေးသည့် ဒုတိယမြောက် ရိုးမဖြတ်ကျော်လမ်းမကြီးဖြစ်သည်။ ဤနေရာတွင် ယခင်က တံတားမရှိခဲ့သဖြင့် ရေမရှိသည့် နွေရာသီတွင်သာ ချောင်းကိုဖြတ်သန်းသွားလာနိုင်သည်။ ယခုအခါ တံတားကြီးပေါ်မှ ရာသီမရွေး ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

နဂါးပေါက်တံတားကြီးကား နောက်ဆုံးဖွင့်လှစ်ပေးခဲ့သော တံတားကြီးဖြစ်သည်။ ဩဂုတ် ၂၇ ရက်က အောင်မြင်စွာဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ပဲခူးခရိုင် ဝေါမြို့နယ်အတွင်း ဒိုက်ဦး-စစ်တောင်းလမ်းပေါ်၌ တည်ရှိသည်။ သံကူကွန်ကရစ်တံတားဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ခွင့်ပြုဝန် တန် ၆၀ ဖြစ်သည်။ တံတားဟောင်းမှာ သစ်သားတံတားဖြစ်ပြီး ၂၀၀၈ ခုနှစ်က စစ်တောင်းမြစ်ရေကြီးမှုကြောင့် တံတားမှာ ရေထဲမျောပါသွားခဲ့သည်။ ယင်းတံတားအစား သံကူကွန်ကရစ်တံတားသစ်ကြီးအဖြစ် ၂၀၀၈ ခုနှစ် ဇွန် ၁ ရက်ကပင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခင်က ဒိုက်ဦးမှ စစ်တောင်းသို့ ၄၆ မိုင် ခရီးသွားလာရသည်။ ယင်းတံတားမှ ဖြတ်သန်းသွားလာပါက ၂၄ မိုင် ၂ ဖာလုံ တိုတောင်းသွားပြီး ၂၁ မိုင် ၆ ဖာလုံသာ သွားလာရမည်ဖြစ်သည်။

အစိုးရသစ်လက်ထက်၌ ဖွင့်လှစ်ပေးနိုင်ခဲ့သော တံတားငါးစင်း အပါအဝင် ယခုအခါ နိုင်ငံတစ်ဝန်း၌ ပေ ၁၈၀ အောက်တံတား ၆၂၄၈ စင်း နှင့် ပေ ၁၈၀ အထက် တံတား ၂၆၈ စင်း စုစုပေါင်းတံတား ၆၅၁၆ စင်း ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၂၃ ရက်က ဖွင့်လှစ်ပေးခဲ့သည့် မြို့ချောင်းတံတားကြီးအား တွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၉-၂၀၁၁ (အင်္ဂါနေ့)

[၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၁၀ ၈။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ)[ဝါသနာရှင် (ပထမတန်း)အဆင့်] (အမျိုးသား၊ အမျိုးသမီး)
၈း၃၀ ၉။ International News
၈း၄၀ ၁၀။ Islands Of Dhamma
၈း၄၅ ၁၁။ ဘဒ္ဒန္တဂုဏိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) တွဲဖက်အကျိုးတော်ဆောင် ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကံသုံးဆင့်ကျောင်းတိုက်မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း။
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အမှတ်(၃)အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြေမှစကြာ ဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု) (အထက-၁ တောင်ဥက္ကလာပ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄း၄၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၅။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၅း၀၀ ၆။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ)[လိုက်ဝါသနာရှင် (ဒုတိယတန်း)အဆင့်] (အမျိုးသား၊ အမျိုးသမီး)
၅း၃၀ ၇။ ထင်ရှားကျော်ကြားသီချင်းများ
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၁၅ ၉။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅ ၁၁။ ဆိုလိုက်ကြစို့
၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယပိုင်း)(အပိုင်း-၂)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ခေတ်ဟောင်းတေး/ ကာလပေါ်တေး) အဆို ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
၁၇။ **"ချိုမြိန်ရသာမုန့်ကမ္ဘာ"**
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းသုံးပွင့်ဒိုင်ယာရီ" (အပိုင်း-၁၂)**
၁၉။ အိန္ဒိယရုပ်ရှင် "မဟူရာခွင်းမဲ့ငွေကြယ်"(အပိုင်း-၂)
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၁။ အစီအစဉ်ပြီး၏။

ပြည်သူ့ထံမှ ပေးစာများ

တရားမဝင်စက်သုံးဆီအရောင်းဆိုင် ရှင်းလင်းစေချင်

စာတည်းခင်ဗျား-

မိတ္ထီလာမြို့ မြို့တွင်း၌ တရားမဝင်စက်သုံးဆီအရောင်းဆိုင်များ နေရာအနှံ့အပြားတွင် ဖွင့်လှစ်ရောင်းချသဖြင့် မိတ္ထီလာမြို့၏ မီးဘေးအန္တရာယ် အလွန်စိုးရိမ်ရသောကြောင့် တရားမဝင်စက်သုံးဆီအရောင်းဆိုင်များအား စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှ ဖယ်ရှားရှင်းလင်းပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။

မီးဘေးအန္တရာယ်ကြောက်သူများ

ကားဘော်ဒီရုံ ထုရိုက်သံ ဆူညံ

စာတည်းခင်ဗျား-

ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဆိုရှယ်လစ်(၃)လမ်းတွင် ကားဘော်ဒီရုံ ဆောက်လုပ်လုပ်ကိုင်လျက်ရှိရာ သံထည်များ ထုရိုက်ခြင်း၊ ဂဟေဆော်ခြင်း၊ ဆေးမှုတ်ခြင်းများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

သထုံမြို့ ရေကျော်လမ်းသွယ် ပြုပြင်ပေးစေချင်

စာတည်းခင်ဗျား-

သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ ရေကျော်ဘုန်းကြီးကျောင်း အရှေ့ဘက်မှ ရွှေချောင်းလမ်းသို့ ဆက်သွယ်ထားသည့် ရေကျော်လမ်းသွယ်မှာ ချိုင့်ခွက်များ၊ ရွှံ့ညွှန်များဖြင့် ပျက်စီးလျက်ရှိပြီး လမ်းသွားလမ်းလာများနှင့် ယာဉ်များသွားလာရန် အခက်အခဲရှိနေပါသည်။ ဘုန်းကြီးကျောင်းအနီးတစ်ဝိုက်၌ ကိုယ့်အားကိုယ်ကိုး ကျောက်ခင်းပြုပြင်ထားပြီးဖြစ်ရာ ကျန်ရှိနေသော ရေကျော်လမ်းသွယ်လမ်းအပိုင်းအား ဆက်လက်ပြုပြင်ပေးနိုင်ရေး တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

❏ ကျောဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အင်းလေးကန်အတွင်းနေထိုင်သည့် ကျေးရွာများ၌ လူဦးရေ၊ အိမ်ခြေတိုးလာခြင်း၊ ဟိုတယ်၊ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများနှင့် အညစ်အကြေးများ စည်းကမ်းမဲ့ စွန့်ပစ်ခြင်း၊ စနစ်တကျ သန့်စင်သည့်စနစ်များ မရှိခြင်းတို့ကြောင့်လည်းကောင်း၊ အင်းလေးကန်အတွင်း ရေခြံစိုက်ပျိုးရေးလုပ်ငန်း၊ ငါးနှင့်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လာခြင်းတို့ကြောင့် လည်းကောင်း အင်းလေးကန်ရေပြင်ပမာဏလျော့ကျလာခြင်း၊ ရေအရည်အသွေးကျဆင်းလာခြင်းနှင့် ရေကောင်းရေသန့်ရှားပါးလာသည့်အခက်အခဲများ ကြုံတွေ့လာရခြင်းတို့ ဖြစ်ပေါ်လာပါကြောင်း။

ရေအရည်အသွေးကောင်းမွန်စေရန်အတွက် ဓာတုဗေဒဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အလွန်အကျွံအသုံးပြုခြင်းမရှိစေရေးနှင့် စနစ်တကျအသုံးပြုစေရေး ထိန်းချုပ်ဆောင်ရွက်ခြင်း၊ သဘာဝမြေဩဇာသုံးနည်းစနစ်များ လက်တွေ့ကျင့်သုံးစေရေး ဆောင်ရွက်ခြင်းနှင့် သရုပ်ပြပညာပေးခြင်း၊ အညစ်အကြေးစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ စည်းကမ်းသတ်မှတ်ပေးခြင်း၊ စွန့်ပစ်ရန်နေရာများ သတ်မှတ်ပေးခြင်း၊ ကန်ရေပြင်အတွင်း အညစ်အကြေးစွန့်ပစ်မှုများကို ကန့်သတ်တားမြစ်ခြင်း၊ ဇီဝမိလ္လာအိုးများ သုံးစွဲစေခြင်း၊ အမှိုက်စွန့်ပစ်ခြင်း၊ ကြွပ်ကြွပ်အိတ်သုံးစွဲမှု ကန့်သတ်တားမြစ်ခြင်း၊ စားသောက်ဆိုင်များ၊ ဟိုတယ်များနှင့်အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များအား နေရာသတ်မှတ်စွန့်ပစ်စေခြင်း၊ စည်းကမ်းသတ်မှတ်၍ ကြီးကြပ်စစ်ဆေးခြင်း၊ ကန်အတွင်းသွားလာလျက်ရှိသည့် စက်တပ်ရေယာဉ်များမှ စက်ဆီယိုဖိတ်မှုမရှိစေရန် ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ ရိုးရာဓလေ့ထုံးစံအရ သဂြိုဟ်မှုများကိုလည်း ရေကန်အတွင်း ပြုလုပ်မှုအစား ပြင်ပသို့သယ်ဆောင် သဂြိုဟ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခုအခါ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့နှင့်ပူးပေါင်းပြီး နှစ်ရှည်စီမံကိန်းများဆောင်ရွက်ရန် အသေးစိတ်အစီအမံများရေးဆွဲညှိနှိုင်းလျက်ရှိပါကြောင်း၊ အင်းလေးကန်ရေရှည်တည်တံ့စေရေးဘက်စုံထိန်းသိမ်းရန် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို UN-HABITATနှင့် ပူးပေါင်းပြီး ဩဂုတ် ၂၄ မှ ၂၅ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အင်းလေးကန် ထိန်းသိမ်းရေးအတွက် ဒေသခံလူထုနှင့် ပူးပေါင်းဆောင်ရွက်မည့် နှစ်ရှည်စီမံကိန်းတစ်ခုကို နော်ဝေးနိုင်ငံအစိုးရ၏ပံ့ပိုးမှုနှင့် အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိပါကြောင်း။

အင်းလေးကန်အတွင်း စီးဝင်သောရေပမာဏ၊ ရေမှတ်များကို အချိန်နှင့်အမျှ မှတ်တမ်းတင်ထားရှိရာ ၂၀၁၁ ခုနှစ် ဩဂုတ်အတွင်းမှတ်တမ်းများအရ ရေစီးဝင်နှုန်းနှင့် ရေလှောင်ပမာဏများ ယမန်နှစ်ကထက် ပိုမိုတိုးတက်မှုရှိလာသည်ကို တွေ့ရှိရပါကြောင်း၊ အင်းလေးကန်ရေရှည်တည်တံ့နိုင်မှသာ ရေပမာဏနှင့် ရေအရည်အသွေး ကောင်းမွန်ရေး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အဓိကတာဝန်ရှိကြသည့် ဒေသနေ ပြည်သူများနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများက တစ်ခဏအကျိုးနှင့် ထာဝရ အကျိုးနှိုင်းဆကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးခံယူချက်များဖြင့် ပူးပေါင်းဆောင်ရွက် ကြရန် အထူးလိုအပ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ကျုံပျော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရ မေးမြန်းစဉ်။ (သတင်းစဉ်)

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ **ကရင်ပြည်နယ် မြဝတီမြို့နယ်သည် တစ်ဖက်နိုင်ငံနှင့် ဆက်စပ်လျက်ရှိသော နယ်စပ်မြို့တစ်မြို့ဖြစ်ပြီး လူဦးရေအများစုမှာ နယ်စပ်ကုန်သွယ်ရေးကိုအခြေခံ၍ ပေါ်ပေါက်လာသောဆက်စပ်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများ ဖြစ်ပါကြောင်း၊ မြဝတီနယ်စပ်ကုန်သွယ်မှုသည် အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့သည်မှာ ယခုဆိုလျှင် တစ်နှစ်ကျော်ကြာပြီဖြစ်ပါကြောင်း၊ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်မှ အခွန်အရပ်အရပ်ကောက်ခံရရှိမှု လုံးဝဆိတ်သုဉ်းသွားခဲ့ပါသဖြင့် မြဝတီနယ်စပ်ကုန်သွယ်ရေးကို သင့်လျော်သည့်မည်သည့်အချိန်တွင် ပြန်လည်စတင်နိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က ကုန်သွယ်ရေးတွင် ပို့ကုန်၊ သွင်းကုန်များကို ကုန်သွယ်မှုမူဝါဒနှင့်အညီ တိုးတက်ဆောင်ရွက်နိုင်ပြီး ကုန်သွယ်မှုပမာဏတိုးတက်လာရန် အဓိကထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော်လည်း နယ်စပ်ကုန်သွယ်ရေးဆောင်ရွက်နိုင်ရန် အဓိကအထောက်အကူပြုသည့် အခြေခံအချက်များရှိပါကြောင်း၊ ၎င်းတို့မှာ ဒေသအတွင်းလုံခြုံအေးချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှုအခြေအနေကောင်းမွန်ခြင်း၊ နှစ်နိုင်ငံညှိနှိုင်းသဘောတူညီချက်ရရှိပြီးဖြစ်ရန် လိုအပ်ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ၊ အကောက်ခွန်ဆိုင်ရာ၊ ဘဏ်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းသဘောတူညီချက်များ ရရှိဆောင်ရွက်နိုင်ခြင်း၊ နှစ်နိုင်ငံပို့ကုန်၊ သွင်းကုန် အပြန်အလှန်မျှတစွာကုန်သွယ်နိုင်သည့် ပမာဏရှိရန် လိုအပ်ခြင်းနှင့်အခြားတိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့်ချိတ်ဆက်ကာ ကုန်သွယ်မှုပြုနိုင်ခြင်း စသည်တို့ပင်ဖြစ်ပါကြောင်း။

မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအနေအထားများသည် ၂၀၁၀ ပြည့်နှစ် ဇူလိုင်လောက်မှစ၍ တင်ပြပါအချက်များနှင့် ကိုက်ညီခြင်းမရှိတော့သည့်အတွက် ဇူလိုင်(၁၈)ရက်တွင် ကုန်သွယ်မှုလုပ်ငန်းများ ယာယီရပ်ဆိုင်းခဲ့ရပါကြောင်း၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပြုလုပ်နိုင်လောက်သော အခြေအနေဖြစ်ပေါ်လာပါက ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ကျန်းမာရေးကဏ္ဍနှင့်စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို မေးမြန်းခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြန်လည်ဖြေကြားသည်။

ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့်၏ **ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ရှိ(၂၅)ခုတင်ဆံ့ ဆေးရုံသည် ဆေးရုံဖွဲ့စည်းပုံအရ ဝန်ထမ်း(၃၄)ဦး ခန့်ထားရမည်ဖြစ်သော်လည်း လက်ရှိတွင် စုစုပေါင်း(၉)ဦးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ လိုအပ်သော ရာထူးအလိုက် ဝန်ထမ်း(၂၅)ဦးကို ထပ်မံဖြည့်စွက် ခန့်အပ်ပေးနိုင်ခြင်း အစီအစဉ်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့် မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။
(သတင်းစဉ်)

ရှိ/မရှိသိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်ဆေးရုံတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး(၁)ဦး၊ လက်ထောက်ဆရာဝန်(၂)ဦး လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပြီး လစ်လပ်လျက်ရှိသည့် လက်ထောက်ဆရာဝန်များအား ခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း၏ **လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင် ကျေးရွာအုပ်စု(၁၃)အုပ်စုတွင် လူဦးရေ(၈၀၀၀၀)ခန့်ရှိပြီး ကျေးရွာကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော တိုက်နယ်ဆေးရုံအဆင့် အဆောက်အအုံတစ်ခုရှိရာ ကျန်းမာရေးဦးစီးဌာန၏ ခွင့်ပြုမိန့်ရထားသော်လည်း ယခုအချိန်အထိ ဖွင့်လှစ်ကုသခြင်း မရှိပါသဖြင့် ဆောင်ရွက်မည့်အစီအစဉ်အား သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာတွင် လက်ရှိ ကျေးလက်ကျန်းမာရေးဌာနတစ်ခုရှိပြီး တင်ပုံကွင်း၊ ကျူတော၊ ဖိုးခွေးလေး၊ ရေတွင်းကုန်း၊ ဂုံညင်းတန်း ကျေးလက်ကျန်းမာရေးဌာနခွဲတို့ပါဝင်လျက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ ယခုလက်ရှိအခြေအနေတွင် တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရန် အဆိုပြုတင်ပြထားခြင်းမရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ကျုံပျော်မဲဆန္ဒနယ်မှ ဒေါက်တာစိုးသူရ၏ **ကျုံပျော်မြို့နယ် ဒိုက်ပျက်တိုက်နယ်တွင် ၁၉၉၁ ခုနှစ်မှစ၍ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့သော အကြမ်းထည်ပင်မဆောင်၊ အမျိုးသားဆောင်၊ အမျိုးသမီးဆောင်နှင့်ခွဲစိတ်ဆောင်ပါဝင်သော ဖွဲ့စည်းပုံမကျသေးသည့် ဆေးရုံတစ်ရုံရှိပြီး အဆိုပါ ဆေးရုံအား ခေတ်မီတိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဒိုက်ပျက်ကျေးရွာတွင် လက်ရှိကျေးလက် ကျန်းမာရေးဌာနတစ်ခုရှိပြီး ဖလံကုန်း၊ မိုက်ထော်၊ ကုန်းသာကြီး၊ ညောင်ပင်ဆိပ်၊ ဒိုးတန်းငူ ကျေးလက်ကျန်းမာရေးဌာနခွဲတို့ ပါဝင်လျက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း။

ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယခုလက်ရှိအခြေအနေတွင် တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရန် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သရေစည်သူ ဦးဆန်းဆင့်က ၄-၈-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၂၀၄/၁၂-၁၀/ဦး ၁ ဖြင့် ဒိုက်ပျက်တိုက်နယ်ဆေးရုံအဖြစ် အဆိုပြုတင်ပြထားပြီး တိုက်နယ်ဆေးရုံအဆောက်အအုံကို ငွေကျပ်သိန်း (၈၀)ဖြင့် ရပ်မိရပ်ဖများက အုတ်မြစ်ချတည်ဆောက်ခဲ့ရာ (၈၀)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်ကို တင်ပြလာပါကြောင်း၊ ယခုလက်ရှိအခြေအနေတွင် တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရန် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၏ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးခန့်ထားသော်လည်း ပြောင်းရွှေ့သွားပါသဖြင့် သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသည် သွားဘက်ဆိုင်ရာဆရာဝန်(သစ်လွင်)များ ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ သွားဘက်ဆိုင်ရာဆရာဝန်များခန့်ထားပါက မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ ခန့်ထားနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် စက်တင်ဘာ(၁၂)ရက်က တင်သွင်းခဲ့သော အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၏ **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးစွဲသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းသူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ခြင်း လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး** အဆိုကို ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၊ နမ့်ခမ်း မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၊ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်း၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင်၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကိုနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတို့က လမ်းပန်းဆက်သွယ်ရေး ဝေးလံခက်ခဲပြီး လူသူအရောက်အပေါက်နည်းသော ဒေသများရှိ ဒေသခံတိုင်းရင်းသားများသည် ငွေရလွယ်သည့် ဘိန်းခင်းများစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို ကြားသိရပါကြောင်း၊ မူးယစ်ဆေးဝါးသည် ကမ္ဘာ့လူသားမျိုးနွယ်စုတစ်ရပ်လုံး၏ လူညွန့်တုံးစေမည့်အန္တရာယ်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တားဆီးကာကွယ်ရေးနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံးသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါကြောင်းနှင့် ၎င်းအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက နိုင်ငံတော်က မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ စီမံချက်ရေးဆွဲပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအတွက် ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဥပဒေနှင့်နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ ကျောင်းသားလူငယ်များနှင့် ပြည်သူလူထုအား အသိပညာပေးခြင်း၊ မူးယစ်ဆေးစွဲသူများအားဆေးဝါးကုသပေးခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဟန်ချက်ညီစွာ ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအတွက် တားဆီးနှိမ်နင်းရေးအဖွဲ့များဖြင့် ဖမ်းဆီးဆောင်ရွက်ခဲ့ပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုများ လျော့နည်းပပျောက်ရေးအတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး ဘိန်းစိုက်ခင်းများကို ကွင်းဆင်းတိုင်းတာကာ ဘိန်းခင်းဖျက်ဆီးမှုများအား ဘိန်းစိုက်ရာသီအတွင်းဆောင်ရွက်ခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးအတွက် ဆောင်ရွက်ရာတွင် တာဝန်ရှိဝန်ထမ်းအဖွဲ့အစည်းများက အဂတိလိုက်စားပြီး ထိမ်ချန်ခြင်းများရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် မူးယစ်ဆေးစွဲ ရောဂါကုဆေးရုံ(၂၆)ခုနှင့် ဆေးကုသဌာနငယ်(၄၀)တို့၌ မူးယစ်ဆေးစွဲသူများကို ဆေးဖြတ်ကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ၁၉၉၉ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဆေးစွဲလူနာ(၁၂၆၁၆)ဦးကို ဆေးဖြတ်ကုသပေးခဲ့ပါကြောင်း၊ ထို့ပြင် လူငယ်ပြုစုပျိုးထောင်ရေးစခန်း(၃)ခုဖြစ်သော ပြည်မြို့နယ် ဝက်ထီးကန်တွင်ရှိသည့် ရွှေပြည်သာလူငယ်ပြုစုပျိုးထောင်ရေးစခန်း၊ မူဆယ်မြို့နယ် တီးမကျေးရွာတွင်ရှိသည့် ရွှေပြည်သစ်လူငယ်ပြုစုပျိုးထောင်ရေးစခန်းနှင့် ဖယ်ခုံမြို့နယ်တွင်ရှိသည့် ရွှေပြည်အေး လူငယ်ပြုစုပျိုးထောင်ရေးစခန်းများ၌ ၁၉၈၂ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဇွန်လအထိ သင်တန်းသား(၅၄၀၆)ဦးကို ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျန်းမာရေးဦးစီးဌာနမှ မူးယစ်ဆေးစွဲရောဂါကုသရေးဌာန ဆေးရုံများတွင် ဆေးဖြတ်ကုသမှုခံယူပြီးပါက လူမှုဝန်ထမ်းဦးစီးဌာနရှိ ပြည်လည်ထူထောင်ရေးစခန်းများ၌ မူးယစ်ဆေးဝါးသုံးစွဲသူများအား သင်တန်းသားအဖြစ်လက်ခံပြီး ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးခြင်းဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မူးယစ်ဗဟိုရုံးနှင့် UNODCတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၁ ခုနှစ်မှစတင်၍ HIV/AIDS အပါအဝင် ကျန်းမာရေးဆိုးကျိုးများအား ကုသပေးရေးစီမံကိန်းအရ စီမံကိန်းနယ်မြေများဖြစ်သော မြစ်ကြီးနား၊ လားရှိုး၊ မူဆယ်၊ မန္တလေး၊ တာချီလိတ်နှင့် ရန်ကုန်မြို့များ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကာလအနေဖြင့် (၃)နှစ်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံတည်း၏ ပြဿနာမဟုတ်ဘဲ လူသားမျိုးနွယ်တစ်ရပ်လုံး၏ ပြဿနာဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် (၁၅)နှစ်စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ၂၀၁၅ ခုနှစ်တွင်လည်း အာဆီယံနိုင်ငံများအတွင်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ အကူအညီရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိမိနိုင်ငံ၏ပကတိစွမ်းအား၊

ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆွေးနွေး

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး ဆွေးနွေးစဉ်။
(သတင်းစဉ်)

အရင်းအမြစ်များကို အခြေပြုပြီး စဉ်ဆက်မပြတ်တိုက်ဖျက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တစ်ဌာနတည်း၊ တစ်ဖွဲ့တည်း ဆောင်ရွက်၍မရဘဲ နိုင်ငံတော်အတွင်းရှိ နိုင်ငံသားအားလုံး၊ တိုင်းရင်းသားပြည်သူများအားလုံးက ဝိုင်းဝန်းကူညီပြီး အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မှသာလျှင် မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဦးဆောင်ဖွဲ့စည်းထားသော မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် သုံးစွဲမှုပပျောက်ရေး၊ ထုတ်လုပ်မှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် တားဆီးနှိမ်နင်းရေးအဖွဲ့၊ အစားထိုးစိုက်ပျိုးရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များ အသိပညာပေးရေးအဖွဲ့၊ ပြည်သူများ ပညာပေးလှုံ့ဆော်ရေးအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးအဖွဲ့များ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များသတ်မှတ်၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြည်သူများနှင့် ပူးပေါင်းကာ ဆန့်ကျင်တိုက်ဖျက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဒေါ်ဒွဲဘူ၏အဆိုကို လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

စက်တင်ဘာ(၇)ရက်က ဟသ်္သာတမဲဆန္ဒနယ်မှ ဦးဌေးဦးက တင်သွင်းခဲ့ပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ထားသော **“၂၀၁၁ ခုနှစ် လယ်ယာမြေ ဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတွင် ပါဝင်သည့် ပြင်ဆင်ချက်အချို့နှင့် စက်တင်ဘာ(၉)ရက်အထိ လွှတ်တော်ကိုယ်စားလှယ်များ ပေးပို့ထားသည့် ပြင်ဆင်ချက်များအပေါ် အခြေခံပြီး ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်ရာ ပြင်ဆင်ချက်အဆိုမရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အတည်ပြုပြီး ဖြစ်သည်ဟုသတ်မှတ်ပြီး လွှတ်တော်သို့သီးခြားအဆိုတင်သွင်းခြင်း၊ သဘောတူညီချက် တောင်းခံခြင်းများ မပြုလုပ်တော့ဘဲ အတည်ပြုဆောင်ရွက်ခြင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်သည်။

“အခန်း(၁)ခေါင်းစဉ်နှင့် အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်”အဆိုနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၁၉

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်သည် စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ထားဝယ်မြို့နယ် ကျောက်မော်ကျေးရွာ ကွင်းအမှတ်(၆၀)ရှိ လယ်သမားကြီး ဦးသိန်းအောင်၏ လယ်မြေ၌ ကျင်းပသည့် တနင်္သာရီတိုင်း ဒေသကြီး၏ မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲအခမ်းအနားသို့ တက် ရောက်၍ တနင်္သာရီတိုင်းဒေသကြီးသည် ဆန်ဖူလုံမှုရာနှုန်း ၁၀၅ ဒသမ ၉၀ ရာခိုင်နှုန်းရှိရာ စပါးထပ်မံပိုလျှံရေး အတွက်ဆောင်ရွက်ကြရန်၊ တိုင်းဒေသကြီး ၏ မိုးစပါးလျာထားချက် ၃၄၇၇၄၇ ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးကြရန်၊ ယခုစိုက်ပျိုးပြီး ဧကမှာ ၃၄၁၆၆၈ ဧက ဖြစ်ပြီး ရာနှုန်းအားဖြင့် ၉၈ ဒသမ ၂၅ စိုက်ပျိုးပြီးဖြစ်ပြီး ကျန်ဧကများ ရာသီအမီ စိုက်ပျိုးရန်၊ တနင်္သာရီတိုင်း ဒေသကြီး အနေဖြင့် ဆန်ဖူလုံမှုကို ကြည့်ပါက သုည ဒသမ ၆၈ ရာခိုင်နှုန်းသာရှိသဖြင့် ရာနှုန်း ပြည့်မီရန်အတွက် ဆောင်းသီးနှံအဖြစ် ဆီထွက်နေကြာနှင့် ပဲမျိုးစုံ စိုက်ပျိုး သင့်ကြောင်း၊ ပဲမျိုးစုံတွင် နေကြာကို ကြားညှပ်အတန်းလိုက် ထည့်သွင်းစိုက်ပျိုး သင့်ကြောင်း ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နံနက် ၉ နာရီတွင် ကနိုင်းဒါကျေးရွာရှိ တောင်သူ ဦးသန်းစိန် ၏ မိုးစပါးမျိုးသန့်စံပြစိုက်ခင်း၌ ကျင်းပ သည့် စပေါင်းခတ်မြေသြဇာ ကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှု အားပေးပြီး စက်နှင့်ထွန်စက်ဖြင့် ရိတ် သိမ်းသကဲ့သို့ တစ်သီးထက်ပိုမိုစိုက်ပျိုး ပါက အခြောက်ခံစက်ကိုပါ အသုံးပြုသင့် ကြောင်း၊ စပါးအထွက်ကောင်းမျိုးများကို သုံးစွဲစိုက်ပျိုးကြသဖြင့် အထွက်နှုန်း ပိုလာမည် ဖြစ်ကြောင်း၊ မိမိနှင့်နီးစပ်ရာ တောင်သူများကိုလည်း စပါးမျိုးကောင်း များ ဖြန့်ဖြူးပေးရမည်ဖြစ်ကြောင်း၊ တတ်သိနားလည်သော တောင်သူများက မသိသေးသော လယ်သမားများ အားကျ လာအောင် စံပြနမူနာ ပြုလုပ်ပြသရန်လို ကြောင်း၊ လက်မှုလယ်ယာမှ စက်မှု လယ်ယာသို့ ပြောင်းလဲဆောင်ရွက်ရန်လို ကြောင်းတို့ကို မှာကြားကာ တောင်သူ လယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် သပြေချောင်းကျေးရွာ ကွင်းအမှတ်(၁၀၄)ရှိ တောင်သူ ဦးတင်အေးနှင့် တောင်သူဒေါ်အေးအေး အောင်တို့၏ မိုးစပါးငါးဧက စိုက်ခင်း၌ ကျင်းပသော စပေါင်းခတ်မြေသြဇာ ကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက် ကြည့်ရှုအားပေးပြီး တောင်သူများနှင့် တွေ့ဆုံ၍ ဒေသဝမ်းစာဖူလုံကျော်လွန် ရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးရေးတို့ကို ရင်းရင်း နှီးနှီး ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ကလေးနှင့်လူငယ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၆၅) ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံ ကျောင်း၌ ဖွင့်လှစ်သော ကလေးနှင့်လူငယ်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန အောက်ရှိ ကလေးနှင့်လူငယ် စောင့်ရှောက်ရေးဆိုင်ရာ သင်တန်းကျောင်းများမှ ကျောင်းအုပ်များ၊ အစိုးရမဟုတ်သော ပရဟိတဂေဟာနှင့် သင်တန်းကျောင်းများမှ အုပ်ချုပ်ရေးမှူး များနှင့် ဂေဟာမှူးများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဂေဟာ/သင်တန်းကျောင်းများ၌ ကလေးနှင့်လူငယ်များအား ပြုစုစောင့်ရှောက်ခြင်းနှင့် ကာကွယ် ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများနှင့် အတွေ့ အကြုံများကို နှီးနှောဖလှယ်ကြမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ် သည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ကလေးနှင့် လူငယ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၆ မှ

ဥပဒေကြမ်း၏ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(က)တွင်ပါဝင်သည့် **ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့်ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများ** ဟူသောစကားရပ်ကို **ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့်ခြံ မြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများ၊ မြေနုကျွန်းဟု သတ်မှတ်သည့်မြေများ** ဟူသောစကားရပ်အတိုင်း ပြင်ဆင်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထား သကဲ့သို့ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးကလည်း တင်ပြထားသည့်အတွက် ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး၏ သဘောထားကိုမေးမြန်းရာ ပြင်ဆင်ချက်ကို သဘောတူပါကြောင်းဖြင့် တင်ပြသည်။

"အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(က)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေ ကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်"အဆိုကို လွှတ်တော်က သဘောတူသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက"အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)၊ အခန်း(၂) ခေါင်းစဉ်၊ အပိုဒ်(၃)၊ အခန်း(၃)ခေါင်းစဉ်၊ အပိုဒ် ၄ နှင့် အပိုဒ်ခွဲ (ဃ၊ င)၊ အခန်း(၄) ခေါင်းစဉ်၊ အပိုဒ် ၇ နှင့် အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈၊ အပိုဒ် ၁၀ ၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(က၊ ဂ၊ ဃ)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ တို့တွင်ပါဝင်သည့် **အသုံးချခွင့်** ဟူသောစကားရပ်ကို **လုပ်ပိုင်ခွင့်** ဟူသောစကားရပ်ဖြင့် ပြင်ဆင်ရန်"ပြင်ဆင်ချက် အဆိုကို တင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကိုမေးမြန်းရာ ထောက်ခံပါကြောင်း ဖြင့် တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)၊ အခန်း(၂)ခေါင်းစဉ်၊ အပိုဒ်(၃)၊ အခန်း(၃) ခေါင်းစဉ်၊ အပိုဒ် ၄ နှင့် အပိုဒ်ခွဲ (ဃ၊ င)၊ အခန်း(၄)ခေါင်းစဉ်၊ အပိုဒ် ၇ နှင့် အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈၊ အပိုဒ် ၁၀ ၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(က၊ ဂ၊ ဃ)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ တို့တွင်ပါဝင်သည့် **အသုံးချခွင့်** ဟူသည့် စကားရပ်များကို **လုပ်ပိုင်ခွင့်** ဟူသည့် စကားရပ်များဖြင့် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်းက "အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)တွင် **လယ်ယာမြေကို စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရန်** ဆိုသည့်စကားရပ်အစား **လယ်ယာမြေကို စိုက်ပျိုးမွေးမြူ ထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်** ဟူသော စကားရပ်ဖြင့်လည်းကောင်း၊ **စိုက်ပျိုး လုပ်ကိုင်အသုံးချခွင့်ပြုခြင်း** ဆိုသည့် စကားရပ် အစား **စိုက်ပျိုးမွေးမြူလုပ်ကိုင်အသုံးချခွင့်/ပိုင်ဆိုင်ခွင့်ပြုခြင်း** ဟူသောစကားရပ် ဖြင့်လည်းကောင်း အစားထိုးပြင်ဆင်ရန်" ပြင်ဆင်ချက်အဆိုကို တင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကိုမေးမြန်းရာ မူလစာသားအတိုင်းထားရှိက ပို၍သင့်လျော်ပါ ကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဦးရဲထွန်းက ဦးဌေးဦး၏ ပြန်လည်ဖြေကြားချက်ကိုလက်ခံပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)မှ အပိုဒ် ၃၊ အပိုဒ်ခွဲ(က)အထိ ထပ်မံပြင်ဆင်ချက်မရှိသဖြင့် တင်ပြပါ အပိုဒ်၊ အပိုဒ်ခွဲများသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည် ပြုဆုံးဖြတ်သည်။

မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်က "အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)တွင် **ထိုအိမ် ထောင်စုအကြီးအကဲ သို့မဟုတ် ထိုအိမ်ထောင်စုသားတွင် ပါဝင်သူတစ်ဦးသည် ဤဥပဒေ ပြဋ္ဌာန်းအတည်မပြုမီ တည်ဆဲမြေယာဥပဒေများနှင့်အညီ တရားဝင်လက်ငုတ်လုပ်ကိုင် နေသူဖြစ်ရမည်။** ဟူသောစာပိုဒ်ကို **ထိုအိမ်ထောင်စုအကြီးအကဲ သို့မဟုတ် ထိုအိမ်ထောင်စု သားတွင် ပါဝင်သူတစ်ဦးသည် ဤဥပဒေပြဋ္ဌာန်းအတည်မပြုမီ တည်ဆဲမြေယာဥပဒေ များနှင့်အညီ တစ်ဆက်တစ်စပ်တည်း အနည်းဆုံး(၅)နှစ် တရားဝင်လက်ငုတ် အမှန်လုပ်ကိုင် နေသူဖြစ်ရမည်။** ဟု ဖြည့်စွက်ပြင်ဆင်ရန်"အဆို ကိုတင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကို မေးမြန်းရာ မူလစာသားအတိုင်းထားရှိခြင်းကသာ ပြည့်စုံပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၏ သဘောထားကိုမေးမြန်းရာ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြီးပြည့်စုံ သည့် အသုံးအနှုန်းများဖြစ်သည်ကို တွေ့ရှိရသဖြင့် တစ်စုံတစ်ရာ ထပ်မံဖြည့်စွက်ရန် မလိုပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဦးစိုင်းဘိုးအောင်က လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်း တင်ပြ သည့်အတွက် မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်သူများသည့်အတွက် အဆိုအတည်မဖြစ်ကြောင်း ဆုံးဖြတ်သည်။

သို့ဖြစ်၍ အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ)၊ (ဃ)အတွက် ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

"အပိုဒ် ၃၊ အပိုဒ်ခွဲ(က)မှ(ဃ)အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့် သည်"အဆိုနှင့် စပ်လျဉ်း၍ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က"အပိုဒ် ၃ တွင် **(င) ကိုယ်တိုင်လယ်ယာမြေများကို အသစ်ဖော်ထုတ်လုပ်ကိုင်သူ** ဟူသောအပိုဒ်ခွဲတစ်ခု ဖြည့်စွက်ရန်" ပြင်ဆင်ချက်အဆိုကို တင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကို မေးမြန်းရာ မူလကပင်ထည့်သွင်းရန်မလိုသည့်အတွက် မူလပြဋ္ဌာန်းချက်တွင် ထည့်မထားခြင်းဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဦးစိုင်းသီဟကျော်က တင်ပြပါ အပိုဒ်ခွဲအား ထည့်သွင်းသင့်သည်ဟု ယူဆပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၏ သဘောထားကိုမေးမြန်းရာ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ထပ်မံ ရေးဆွဲမည့်ဥပဒေများတွင်လည်း ပါရှိမည်ဖြစ်သဖြင့် ထပ်မံဖြည့်စွက်ရန်မလိုအပ် ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဦးစိုင်းသီဟကျော်က ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်ကို လက်ခံပါ ကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၃၊ အပိုဒ်ခွဲများသည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက "အပိုဒ် ၄၊ အပိုဒ်ခွဲ(က)ပါ **လုပ်ကိုင် နိုင်ခွင့်**ဟူသော စကားရပ်အစား **လုပ်ကိုင်ခွင့်**ဟူသော စကားရပ်ဖြင့်လည်းကောင်း၊ **လုပ်ကိုင်ခြင်းမှ** ဟူသောစကားရပ်အစား **လုပ်ပိုင်ခွင့်ရှိခြင်းမှ** ဟူသောစကားရပ် ဖြင့်လည်းကောင်း အစားထိုးပြင်ဆင်ရန်"အဆိုကို တင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကိုမေးမြန်းရာ ပြင်ဆင်ချက်ကို အတည်ပြုပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ယနေ့ဆွေးနွေးအတည်ပြုသည့် **"၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုရန်ကျန်ရှိသည့်အပိုဒ်များကို ပြင်ဆင်ချက် အဆိုတင်သွင်း ထားသည့် တစ်ပိုဒ်ချင်းစီအလိုက် စက်တင်ဘာ ၂၀ ရက်တွင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ညနေ ၃ နာရီခွဲတွင်ရပ်နားပြီး အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ဘောလုံးအားကစားစွမ်းရည်မြှင့်တင်ရေးအတွက် အကြံပြုစာတမ်းများ ရေးသားပြုစု၍ ဆက်သွယ်ပေးပို့နိုင်

နေပြည်တော် စက်တင်ဘာ ၁၉

မြန်မာ့ဘောလုံးအားကစား စွမ်းရည် မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ် အောက်တိုဘာလအတွင်း နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ အမျိုးသားအားကစား ဖြစ်သည့် မြန်မာ့ဘောလုံးအားကစား စွမ်းရည်မြှင့်တင်ရေးအတွက် မြန်မာ နိုင်ငံအနယ်နယ်အရပ်ရပ်ရှိ ဘောလုံး အားကစားကို ချစ်မြတ်နိုးကြသည့် ဘောလုံးအားကစားဝါသနာရှင်များ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ အားကစား ကလောင်ရှင်များအနေဖြင့် ဆောင်ရွက် သင့်သည့်နည်းလမ်းများ၊ အကြံဉာဏ် များအား ပွင့်ပွင့်လင်းလင်း ဝေဖန် ရေးသား စာတမ်းပြုစု၍ စက်တင်ဘာ ၃၀ ရက်အရောက် ဦးထွန်းမြင့်ဦး ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး) အားကစားဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ်(၃၁) ဖုန်း-၀၆၇-၄၀၆၀၃၈ နှင့် ၀၉-၈၃၀၄၄၉၈ နှင့် ဦးစိုးမိုးကျော် သတင်းနှင့်ပြန်ကြားရေးဌာန မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ် ဝေဇယန္တာလမ်း ရန်ကုန်မြို့ ဖုန်း-၀၁- ၅၇၇၃၆၆နှင့် ၀၉- ၅၀၉၂၆၆၂ တို့သို့ ဆက်သွယ်ပေးပို့ ကြပါရန် ဖိတ်ခေါ်ထားသည်။

(သတင်းစဉ်)

အငြမအကြိမ် အင်ဂျင်နီယာများ ဆုံစည်းဂေါက်သီးရိုက်မည်

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အငြမအကြိမ်မြောက် အင်ဂျင်နီယာများ ဆုံစည်းဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်ဂေါက်သီးရိုက်အသင်း (ဒညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်ကစားလိုသော ဂေါက်သီးဝါသနာရှင် အင်ဂျင်နီယာများအနေဖြင့် စက်တင်ဘာ ၂၂ ရက် ညနေ ၃ နာရီခွဲ နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါ ရန်နှင့် ပြိုင်ပွဲ Sponsors များအဖြစ် ကိုကျော်စိုးမိုးလွင် (Royal Modern Furniture)၊ ကိုဇော်မင်းသန့် (Zin-9 Co.,Ltd.)၊ ကိုခင်မောင်ဦး ACE (Construction) နှင့် ကိုနေမျိုးဇော်၊ ကိုမောင်မောင်ဦး၊ ကိုဇော်နိုင် (APPO, Construction) တို့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပြိုင်ပွဲ၌ အမှတ်တရ ပေးလိုသော ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီအသင်းအဖွဲ့များအနေဖြင့် ဦးတင်အောင်မြင့် ဖုန်း-၀၉-၅၀၁၀၃၈၄၊ ဦးလှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ ဦးမြင့်လွင် ဖုန်း-၀၉-၅၀၀၅၂၅၂၊ ဦးစိုးလွင် (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း) ဖုန်း-၀၁-၅၁၉၆၇၃ Ext.၂၁၁၊ ဦးခင်အေး AGTI ကျောင်းသားဟောင်းများအသင်း ဖုန်း-၀၁-၅၁၉၆၈၃ တို့ထံ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၁၁ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "နတ်တို့ချီးကျူးဘဝထူး" တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
- ၆း၄၀ မုဒုံမြို့၏သာသနာ့ဂုဏ်ရည်. . . ကန်တော်ဦးမှ မြတ်စေတီ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၃၂)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၇၄)**
- ၈း၅၀ သောတာပန်မြေမှ ဓမ္မဒူတ မောင်မယ်များ၏အောင်ပွဲ
- ၉း၁၀ ကြည်နူးစွာပ ကာလဝါဆို ဆွမ်းကြီးလောင်းတဲ့မြို့ရွှေဘို
- ၉း၂၅ သဘာဝဆေးစွမ်းထက်သော မြန်မာ့တပင်တိုင်မြနန်း
- ၉း၅၀ Cartoon Show Time
- ၁၀း၃၀ Celebrity Style
- ၁၀း၅၀ International Show Biz
- ၁၁း၁၀ ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်)၏ဂုဏ်ပြုဆုများချီးမြှင့်ပွဲ
- ၁၁း၃၀ မာဂဓီ-သာစည်မှ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ သင်ကြားရေးလမ်းညွှန်
- ၁၂း၃၅ ဖန်တီးသူ၏ပညာစွမ်းမှသည်. . လှပသောဘဝများဆီသို့
- ၁း၀၀ "နတ်တို့ချီးကျူးဘဝထူး" တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရယ်စရာဖေးရှင်း (အမြင်အကြားအသိအတွေး)
- ၂း၅၅ Activities in The City
- ၃း၀၅ စိတ်ချယုံကြည် Global Wave Technology
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၃၂)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၇၄)**
- ၅း၀၅ Activities in The City
- ၅း၂၅ The Champion of Dance
- ၅း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Yangon Lifestyle Furniture Fair ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများ
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၃၃)**
- ၇း၂၅ Celebrity Choice
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားကျန်းမာရေး)
- ၉း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၇၅)**
- ၁၀း၂၅ အနုပညာမိုးကောင်းကင်
- ၁၀း၄၅ "တစ်ပါးသီလ(၂)" (ဖိုးသောကြာ၊ မြင့်စိုင်းသား အောင်အောင်၊ ဦးစောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ၊ ဟန်လေး) (ဒါရိုက်တာ-တင်မောင်အေး)
- ၁၁း၃၅ World of Knowledge
- ၁၂း၂၅ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်း (လျော်ကားဉယျာဉ်)
- ၁၂း၃၅ နုယဉ်ဆန်းထွင်ပန်းအလှဆင်
- ၁၂း၅၅ 3D ကမ္ဘာ
- ၁း၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၁း၂၀ မြေလတ်ဒေသ၏လက်ဆောင်
- ၁း၂၅ မြန်မာမှုလက်ရာပန်းတဉ်းပညာ
- ၁း၅၅ မြန်မာနိုင်ငံ၏တစ်ခုတည်းသော ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ
- ၂း၁၀ Movie Mistakes (Mr And Mrs Smith)
- ၂း၃၅ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
- ၂း၄၅ မြန်မာ့သနပ်ခါး
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ
- ၄း၁၀ မြန်မာ့လက်မှုအနုပညာ
- ၄း၂၅ မင်းကွန်းရိုးရာ လက်မှုအနုပညာ
- ၄း၄၀ မဖွဲ့မဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာ
- ၅း၀၀ အစီအစဉ်ပြီး။

❍ ပထမအကြိမ်မှ

ရှိပြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ စကိုဒါ(၆၀၈)ကေဗွီအေ၊ ကန်းမင်း(၃၅၀)ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ၂၀၁၁ ခုနှစ် ဇွန်လအထိ တစ်လလျှင် စက်သုံးဆီဂါလန်(၁၉၀၀)သုံးစွဲကာ မြို့ပေါ်ရပ်ကွက်(၅)ခုအား နေ့စဉ်တစ်ရက်(၂)နာရီနှင့် ကျေးရွာ(၉)ရွာအား တစ်ရက်ခြား(၂)နာရီ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် ဇူလိုင်လမှစ၍ စက်သုံးဆီဝယ်ယူရရှိမှုလျော့နည်းလာသဖြင့် တစ်လစက်သုံးဆီဂါလန် (၁၇၀၀)ဖြင့် မြို့ပေါ်(၅)ရပ်ကွက်ကို တစ်ရက်(၂)နာရီနှင့် ကျေးရွာ(၉)ရွာကို တစ်ရက်(၁)နာရီ(၃၀)မိနစ် ဓာတ်အားပေးလျက် ရှိပါကြောင်း၊ ဓာတ်အားပေးချိန် ပိုမိုရရှိရေးအတွက် ချောင်းဆုံမြို့ရှိ သက်တမ်းကြာပြီး ဆီစားနှုန်းများသည့် ဒီဇယ်ဓာတ်အားပေးစက်များ နေရာတွင် ဓာတ်အားပေးစက်အသစ်များ ဝယ်ယူရေးနှင့် စက်သုံးဆီပိုမိုဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ထားရှိပြီးဖြစ်ရာ မကြာမီ ဓာတ်အားပေးချိန်(၂) နာရီ ရရှိလာမည် ဖြစ်ပါကြောင်း။

ချောင်းဆုံမြို့နယ်အား နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေးအတွက် ပထမနည်းလမ်းအားဖြင့် ပေါင်မြို့မှ ကော့ကရင်ရွာအထိ (၉)မိုင်၊ ကော့ကရင်ရွာမှဒရယ်ကျေးရွာအထိ သံလွင် မြစ်ကျော်(၂ ဒသမ ၀၈)မိုင်၊ ဒရယ်ရွာမှချောင်းဆုံမြို့အထိ(၁၅)မိုင်၊ စုစုပေါင်း(၃၃)ကေဗွီ ဓာတ်အားလိုင်း(၂၆ ဒသမ ၀၈)မိုင် တည်ဆောက်ရမည်ဖြစ်ရာ ဓာတ်အားလိုင်းသည် ရှည်လျားပြီး မြစ်ကျော် (၂)မိုင် ဖြတ်သန်းရမည်ဖြစ်ပါကြောင်း။

ဒုတိယ နည်းလမ်းအားဖြင့် မော်လမြိုင်(ငန်းတေး)ဓာတ်အားခွဲရုံမှ ကျိုက်မုပွန်ဘုရားအထိ (၂ ဒသမ ၈)မိုင်၊ ကျိုက်မုပွန်ဘုရားမှ ကညော်ကျေးရွာဘက်ကမ်းအထိ သံလွင်မြစ်ကျော်(၁)မိုင်၊ ကညော်ကျေးရွာမှ ချောင်းဆုံမြစ်အထိ(၁၁ ဒသမ ၂)မိုင်၊ စုစုပေါင်း(၆၆)ကေဗွီ ဓာတ်အားလိုင်း(၁၅)မိုင် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ မည်သည့်နည်းလမ်းဖြင့်ဆောင်ရွက်သည်ဖြစ်စေ သံလွင်မြစ်ကျော်ဓာတ်အားလိုင်းကို မဖြစ်မနေတည်ဆောက်ရမည်ဖြစ်၍ ပုံမှန်ဓာတ်အားလိုင်းတည်ဆောက်ခြင်းထက် အဆများစွာ ကုန်ကျမည်ဖြစ်ပါကြောင်း၊ လောလောဆယ်အခြေအနေအားဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အား ပို့လွှတ်ရန် စိစစ်တိုင်းတာဆောင်ရွက်လျက်ရှိပြီး အခြားသင့်လျော်သည့် နည်းလမ်းများကိုလည်း လေ့လာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှဦးမျိုးမြင့်က **"ရေဝတီမြစ်မှ လျှပ်စစ်မြစ်ရေတင်စီမံကိန်း(ကျောဇီ)၏ စီမံကိန်းဧရိယာဧက(၈၀၀၀)အား အပြည့်အဝစိုက်ပျိုးနိုင်ရန် လျှပ်စစ်/ရေသောက်စနစ်တို့ ဟန်ချက်ညီညီ ပီပြင်ကောင်းမွန်ရေးစီမံဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ၊ ဆင်တဲဝ (သမက္ကူ)ဆည် တူးမြောင်းမကြီးမှ လျှပ်စစ်ရေတင်လုပ်ငန်း(ချောင်းဆုံ) နှင့် ဆက်စပ်လုပ်ငန်းများ ပြီးစီးခဲ့သည်မှာ (၁၀)နှစ်ခန့်ရှိပြီးဖြစ်သော်လည်း ယနေ့အထိ သတ်မှတ်ရေသောက်ဧရိယာ ဧက(၅၀၀)ခန့်ကို ရေတင်ပေးဝေနိုင်ခြင်းမရှိသည့်အတွက် ဆက်လက် ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိ၊ ဝဲလောင်ဆည်တူးမြောင်းမကြီးမှ ပြီးစီးပြီးလျှပ်စစ်ရေတင်လုပ်ငန်း(ကန်နီ)နှင့်ဆက်စပ်လုပ်ငန်းများမှ ရေသောက်ဧရိယာ(၇၄၅)ဧကနှင့် ဒေသခံကျေးရွာများသို့ ရေတင်ဖြန့်ဝေပေးနိုင်မည့် အစီအစဉ်ရှိ/မရှိနှင့် တောင်သာမြို့ဓာတ်အားခွဲရုံမှမိုင်(၂၀)ခန့်ပတ်လည်အတွင်း လက်ရှိရေတင်လုပ်ငန်းများနှင့် ကျေးရွာ လျှပ်စစ်မီးဖြန့်ဖြူးမှုလုပ်ငန်းများ နိုင်နင်းမှုရှိစေရန် ဝဲလောင်ရွာတွင် လျာထားပြီး 33/11/0.4 kv ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမည့်ကာလ သတ်မှတ်ထားခြင်းရှိ/မရှိ"** မေးမြန်းရာ ပထမမေးခွန်းဖြစ်သော ဧရာဝတီမြစ်မှ လျှပ်စစ်မြစ်ရေတင်စီမံကိန်း(ကျောဇီ)၏ စီမံကိန်းဧရိယာဧက(၈၀၀၀)အား အပြည့်အဝစိုက်ပျိုးနိုင်ရန် လျှပ်စစ်/ရေသောက်စနစ်တို့ ဟန်ချက်ညီညီပီပြင်ကောင်းမွန်ရေး စီမံဆောင်ရွက်မည့် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ မြင်းခြံခရိုင် မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ မလှိုင်၊ ညောင်ဦးမြို့နယ်များရှိ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများနှင့် မြို့ရွာများလျှပ်စစ်ဓာတ်အားပေးနိုင်ရန် မြင်းခြံမြို့ပေါ်တွင် ၁၃၂/၆၆/၁၁ ကေဗွီဓာတ်အားလိုင်း၊ (၄၅)အမ်ဗွီအေ ထရန်စဖော်မာ(၂)လုံးနှင့် ပင်မဓာတ်အားခွဲရုံ တည်ဆောက်ထားပါကြောင်း။

မြင်းခြံပင်မဓာတ်အားခွဲရုံမှ ၂၀၀၃ ခုနှစ် အောက်တိုဘာလ(၂၅)ရက်နေ့မှစ၍ (၂၄)နာရီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ သုံးစွဲဝန်အားသည် (၀ ဒသမ ၈)မဂ္ဂါဝပ်၊ ထရန်စဖော်မာဝန်အား၏ (၂၀)ရာခိုင်နှုန်းသာဖြစ်ရာ ကျောဇီမြစ်ရေတင်အနေဖြင့် ဝန်အားတိုးချဲ့အသုံးပြုပါကလည်း လျှပ်စစ်ဓာတ်အားလုံလောက်မှုရှိပါကြောင်း။

ဒုတိယမေးခွန်းနှင့် စပ်လျဉ်း၍ ဆင်တဲဝ(သမက္ကူ)ဆည် တူးမြောင်းမကြီး လျှပ်စစ်ရေတင်လုပ်ငန်းသို့ တောင်သာမြို့နယ်၊ ချောင်းဆုံရွာအနီးရှိ (၁၁)ကေဗွီ တောင်သာ-ဝဲလောင် ဓာတ်အားလိုင်းမှ (၁၁) ကေဗွီလိုင်း(၄)မိုင်နှင့် (၁၆၀)ကေဗွီအေ ထရန်စဖော်မာ တည်ဆောက်ပြီး ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့မှစ၍ ဓာတ်အားပေးခဲ့ပါကြောင်း၊ **တောင်သာမြို့နယ် ရေအရင်းအမြစ်ဦးစီးဌာန၏ ညှိနှိုင်း အကြောင်းကြားချက်အရ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၂၉)ရက်နေ့မှစ၍ ထရန်စဖော်မာဓာတ်အားပေးမှုကို ဖြုတ်တောက်ပေးထားပါကြောင်း၊ ဆင်တဲဝ(သမက္ကူ)ဆည် လျှပ်စစ်ရေတင်လုပ်ငန်း ပြန်လည်ဆောင်ရွက်ရပါကလည်း လျှပ်စစ်ဓာတ်အား(၂၄)နာရီ ပေးနိုင်ပါကြောင်း။**

တတိယမေးခွန်းနှင့် စပ်လျဉ်း၍ တောင်သာမြို့နယ် ဝဲလောင်ဆည် တူးမြောင်းမကြီးမှ လျှပ်စစ်ရေတင်

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး မေးမြန်းစဉ်။

(သတင်းစဉ်)

လုပ်ငန်း(ကန်နီ)အတွက် တောင်သာမြို့ (၃၃/၁၁)ကေဗွီ(၁ ဒသမ ၂၅)အမ်ဗွီအေ ထရန်စဖော်မာ (၂)လုံး တပ်ဆင်ထားသော ဓာတ်အားခွဲရုံမှ ဝဲလောင်ကျေးရွာသို့ သွယ်တန်းထားသော (၁၁)ကေဗွီလိုင်းမှ တစ်ဆင့် ဓာတ်အားပေးပါကြောင်း၊ တောင်သာ-ဝဲလောင်-ကန်နီတို့အား (၁၁)ကေဗွီ ဓာတ်အားလိုင်း သွယ်တန်း၍ လျှပ်စစ်ရေတင်လုပ်ငန်း (ကန်နီ)တွင် (၁၀၀)ကေဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ကာ ၂၀၁၁ ခုနှစ် ဇူလိုင်လ(၂၄)ရက်နေ့မှစ၍ ဓာတ်အားလွှတ်ပေးထားပါကြောင်းနှင့် ရေတင်လုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အားကိုလည်း(၂၄)နာရီ ပေးထားပါကြောင်း။

စတုတ္ထမေးခွန်းနှင့် စပ်လျဉ်း၍ တောင်သာမြို့ (၃၃)ကေဗွီဓာတ်အားခွဲရုံမှ ဝဲလောင်သို့ လည်းကောင်း၊ ယင်းမှတစ်ဆင့်(၁၁)ကေဗွီလိုင်းဖြင့် တံငါကျင်း၊ ဗျိုင်းအင်း(တောင်)၊ ဗျိုင်းအင်း(မြောက်)၊ ဆီမီးကန်၊ ကျောက်ကာရွာ၊ ခံပင်ခွေ့၊ ရွာသစ်၊ သမက္ကူ၊ ချောင်းဆုံသို့လည်းကောင်း ဆက်လက်ဓာတ်အားရယူထားခြင်းဖြစ်ပါကြောင်း၊ လျှပ်စစ်ရေတင်(ကန်နီ)နှင့် ကျေးရွာ(၁၀)ရွာ စုစုပေါင်း၏ ထရန်စဖော်မာ တပ်ဆင်လုံးရေ (၁၂)လုံး စုစုပေါင်းအင်အား (၉၁၀)ကေဗွီအေရှိပြီး သုံးစွဲဝန်အားမှာ နေ့အများဆုံး(၀ ဒသမ ၃)မဂ္ဂါဝပ်၊ ညအများဆုံး(၀ ဒသမ ၄)မဂ္ဂါဝပ်သာရှိပါကြောင်း၊ တောင်သာဓာတ်အားခွဲရုံ၏ ဝန်အားသည် နေ့အများဆုံး(၀ ဒသမ ၇)မဂ္ဂါဝပ်၊ ညအများဆုံး(၀ ဒသမ ၉)မဂ္ဂါဝပ်ရှိသဖြင့် အသုံးပြုနိုင်သောဝန်အား၏(၄၅)ရာခိုင်နှုန်းခန့်သာ ဓာတ်အားသုံးစွဲလျက်ရှိရာ တောင်သာမြို့ လျှပ်စစ်ရေတင်လုပ်ငန်း (၂)ခုနှင့် ကျေးရွာ(၁၀)ရွာအား နိုင်နင်းစွာ ဓာတ်အားပေးထားနိုင်ပါကြောင်း။

သို့ဖြစ်၍ ဝဲလောင်ကျေးရွာတွင် (၃၃/၁၁)ကေဗွီ(၁ ဒသမ ၂၅) အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ရန်မှာ လက်ရှိအခြေအနေတွင် လိုအပ်မှုမရှိပါကြောင်းနှင့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ တိုးချဲ့ခြင်းနှင့် ဝဲလောင်ကျေးရွာနှင့်ပတ်ဝန်းကျင်တွင် လျှပ်စစ်ဓာတ်အားတိုးချဲ့သုံးစွဲလာပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှဦးကျော်ကျော်က **"ရခိုင်ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်စေရန် ကျောက်ဖြူကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရရှိမှုကိုအခြေခံ၍ ရခိုင်ပြည်နယ်တွင် မဟာလျှပ်စစ်ဓာတ်အားလိုင်းရရှိရေး စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**မေးမြန်းရာ ရခိုင်ကမ်းလွန်ဒေသတွင် ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရန်အတွက် ရွှေစီမံကိန်းလုပ်ငန်းကွက်အမည်နှင့် ကိုရီးယားနိုင်ငံ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းမှ ဦးဆောင်၍ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းတို့မှ အသီးသီးစုစည်းဆောင်ရွက်လျက်ရှိပါကြောင်း။

စွမ်းအင်ဝန်ကြီးဌာနမှသိရှိရသည့် သတင်းအရ ရခိုင်ပြည်နယ် ကမ်းလွန်ဒေသ ရေတိမ်ပိုင်းနှင့် ရေနက်ပိုင်းလုပ်ကွက်တို့တွင် ကိုရီးယားနိုင်ငံမှလည်းကောင်း၊ KMDC ကုမ္ပဏီသည် စင်ကာပူနိုင်ငံ Brilliant Oil Corporation Pte.နှင့် ပူးပေါင်း၍လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNPC ကုမ္ပဏီသည်လည်းကောင်း၊ အိန္ဒိယနိုင်ငံမှ ESSAR ကုမ္ပဏီသည် လည်းကောင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်းပိုင်းလုပ်ကွက် စစ်တွေဒေသတွင် အိန္ဒိယနိုင်ငံ ESSAR ကုမ္ပဏီမှ ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အထက်ဖော်ပြပါ လုပ်ကွက်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့တွေ့ရှိရန် အလားအလာကောင်းများရှိနေပါ၍ လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့များ တွေ့ရှိသည့်အခါတွင် ရခိုင်ပြည်နယ်၌ လျှပ်စစ်ဓာတ်အားအတွက် သုံးစွဲခွင့်ရရှိရေးအခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း။

ယခုအခါ ရခိုင်ပြည်နယ်အတွင်း ပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်အဝအသုံးပြုနိုင်ရေးအတွက် သူငွေ့ချောင်း၊ အမ်း၊ လေးမြို့၊ စိုင်ဒင်စသည့် ရေအားလျှပ်စစ်စီမံကိန်းများ ချမှတ်ထားပြီး လေ့လာဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းများမှ ထွက်လာမည့် လျှပ်စစ်ဓာတ်အား ပမာဏသည် ဒေသတွင်းလျှပ်စစ်ဓာတ်အား လုံလောက်စွာအသုံးပြုနိုင်မည်ဖြစ်ပြီး ပိုလျှံသည့်ဓာတ်အားများကိုလည်း နိုင်ငံတော် ဓာတ်အားစနစ်နှင့် ချိတ်ဆက် ပို့လွှတ်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းများနှင့် ဆက်စပ်၍ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံကြီးများ တည်ဆောက်ကာ ဓာတ်အားကွန်ရက်တစ်ခု တည်ဆောက်ရန် စီမံကိန်းများချမှတ်ဆောင်ရွက်နေပါကြောင်း။

သူငွေ့ချောင်း ရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို တောင်ကုတ်၊ မအီ၊ ကျောက်ဖြူ အမ်းမြို့များသို့လည်းကောင်း၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)မှ လေးမြို့ရေအားလျှပ်စစ် စီမံကိန်းနှင့် စိုင်ဒင် ရေအားလျှပ်စစ်စီမံကိန်းတို့မှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ကျောက်တော်မြို့နှင့် ယင်းမှတစ်ဆင့် စစ်တွေမြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့၊ ပေါက်တောမြို့၊ မြေပုံမြို့၊ ကန်ဆောက်မြို့၊ ပုဏ္ဏားကျွန်းမြို့၊ ဘူးသီးတောင်နှင့်မောင်တောမြို့များသို့ လည်းကောင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်နှင့် ပိုလျှံလာမည့်လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်ဆောင်ရွက်ရန် စီမံကိန်းများ လျာထားပြီးဖြစ်ပါကြောင်းနှင့် လိုအပ်သည့်အခြေအနေ ရောက်ရှိမှသာ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်လည်ပတ်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသန်းမြင့်က **"တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ဂဏန်းကွင်းကျေးရွာတွင် မဂ္ဂါဝပ် (၆၀၀)ခန့် ထုတ်လုပ်နိုင်မည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်စီမံကိန်းလျာထားချက်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရခေတ်ကတည်းက အတိအလင်းကြေညာထားပြီးဖြစ်၍ စီမံကိန်းလျာထားချက်အတိုင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးမြန်းရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက တနင်္သာရီရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ၊ Italian - Thai Development Public Co, Ltd. (ITD) တို့အကြား နားလည်မှုစာချွန်လွှာကို ၉-၁၀-၂၀၀၈ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ယင်းစီမံကိန်းသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (JV/BOT)စနစ်အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်မည့်စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ Italian - Thai Development Public Co, Ltd. အနေဖြင့် စီမံကိန်း၏ အပြီးသတ်ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာအား ၂၈-၃-၂၀၁၁ ရက်နေ့တွင် တင်ပြလာသဖြင့် **ဝန်ကြီးဌာနအနေဖြင့် အသေးစိတ်လေ့လာစိစစ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တနင်္သာရီစီမံကိန်း၏ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ စိစစ်လေ့လာသုံးသပ်ချက် အစီရင်ခံစာကို ပြုစုနိုင်ရန်အတွက်လည်း ၁၀-၁၂-၂၀၁၀ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်မြောက်နိုင်စွမ်းရှိကြောင်း စိစစ်တွေ့ရှိရပါက နှစ်ဦးနှစ်ဖက် စီးပွားရေးဆိုင်ရာ တွက်ခြေကိုက်မှုစိစစ်တွက်ချက်ပြီး အသေးစိတ်ဆွေးနွေးလျက် လက်ခံနိုင်သော အခြေအနေရှိလျှင် သဘောတူညီမှုစာချွန်လွှာနှင့် ဖက်စပ်သဘောတူစာချုပ်များ ချုပ်ဆိုသွားနိုင်ရေးနှင့် စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က စက်မှုကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရှမ်းဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှဦးဇော်နိုင်ဦး၏ **"စက်မှုကုန်ကြမ်းသီးနှံများဖြစ်သော ကြံစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ ယခုအခြေအနေထက်ပိုမိုပြီး ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် **"ကြံစိုက်တောင်သူများ၏**



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် မေးမြန်းစဉ်။

(သတင်းစဉ်)

ဘဝရပ်တည်ရှင်သန်ရေးကိုရှေးရှု၍ နိုင်ငံတော်မှ ထွက်ရှိသောသီးနှံများကို ထိုက်သင့်သောဈေးနှုန်းများ ရရှိအောင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ" မေးမြန်းရာ နိုင်ငံတော်အနေဖြင့် ကြံသီးနှံထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်တကျဆောင်ရွက်ပေးမည့် အစီအစဉ်များရှိပြီး အခြေခံလိုအပ်ချက်ကြီး (၅)ချက် ဖြစ်သည့် အထွက်နှုန်းကောင်းသည့်မျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုခြင်း၊ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်း၊ သွင်းအားစု၊ စိုက်ပျိုးရေးအပါအဝင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို အချိန်ကိုက်အချိုးကျအသုံးပြုခြင်း၊ မျိုးစေ့သွင်းအားစုအပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်ဆုံးရှုံးမှုနည်းပါးအောင် ဆောင်ရွက်ခြင်းနှင့် ထွက်ရှိလာသည့် သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ပေးခြင်းတို့ကို သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြံသီးနှံမျိုးနှင့်ပတ်သက်၍ လက်ရှိစိုက်ပျိုးနေသောမျိုးများထက် ပိုမိုကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်သည့် အထူးအထွက်တိုးကြံများကိုလည်း မျိုးပွား ထုတ်လုပ်ပေးလျက်ရှိပြီး ဒေသလိုအပ်ချက်နှင့်အညီ ဖြန့်ဖြူး

အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။

(သတင်းစဉ်)

သွားမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ကြံစိုက်တောင်သူများအနေဖြင့် စီးပွားရေးတွက်ခြေကိုက်အောင် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် ခေတ်မီ သိပ္ပံနည်းကျစိုက်နည်းစနစ်ကို အသုံးပြုစေခြင်းနှင့် သကြားစက်ရုံများကို ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်းဖြင့် ကြံစိုက်တောင်သူများအတွက် လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ပြီး တွက်ခြေကိုက်သော စက်မှုသီးနှံအဖြစ် ရေရှည်ရပ်တည်နိုင်အောင် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးသောတောင်သူများကိုလည်း အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိပြီး ကြံစိုက်တောင်သူများ၊ ပီလောပီနံစိုက်တောင်သူများ၊ ဝါစိုက်တောင်သူများ၊ ရော်ဘာစိုက်ပျိုးသူများနှင့် ဆီအုန်းစိုက်ပျိုးသူများအားလုံးကို ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါ စက်မှုကုန်ကြမ်း စိုက်ပျိုးသူများအတွက် အထောက်အပံ့ဖြစ်စေရေးအတွက်လည်း လိုအပ်သည့် စိုက်ပျိုးစရိတ်ကြိုတင်ငွေများကို သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ထောက်ပံ့ထုတ်ပေးလျက်ရှိပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနအနေဖြင့် ဘီးလင်းနယ်မြေအတွင်းရှိ ကြံစိုက်တောင်သူများသို့ ယခုနှစ် ကြံစိုက်ပျိုးရာသီအတွက် စိုက်ပျိုးစရိတ်အဖြစ် ကြိုတင်ငွေစုစုပေါင်းငွေကျပ် (၄၃ ဒသမ ၆၇၂)သန်းကို ထုတ်ပေးခဲ့ပါကြောင်း၊

ဘီးလင်းသကြားစက်ရုံ၏သက်တမ်းသည် (၄၇)နှစ်ခန့်ကြာမြင့်နေပြီဖြစ်ပြီး စက်ရုံရှိ စက်ပစ္စည်းများသည် ဟောင်းနွမ်းနေပြီဖြစ်ရာ ကြံစိုက်တောင်သူများ၏ ဝင်ငွေတိုးတက်ရရှိစေရေးကိုသာ ဦးစားပေး ဆောင်ရွက်ခဲ့မှုအရ နှစ်စဉ်နီးပါး နိုင်ငံတော်အနေဖြင့် အရှုံးခံ၍ စက်ရုံအားလည်ပတ်ဆောင်ရွက်ပေးခဲ့ရပါကြောင်း၊ ထိုသို့နှစ်စဉ် နိုင်ငံတော်၏ဘဏ္ဍာငွေဆုံးရှုံးနေမှုကို သက်သာစေရေးအတွက် အဆိုပါ စက်ရုံမှ ဝန်ထမ်းအများစုကို အမှတ်(၂)စက်မှုဝန်ကြီးဌာနရှိ အမှတ်(၂၂)အထွေထွေအကြီးစားစက်ရုံ (ဘီးလင်း)သို့ပြောင်းရွှေ့ပြီး ကုန်ကျစရိတ်သက်သာစေရေးကြိုးပမ်း ဆောင်ရွက်ခဲ့သော်လည်း ဆက်လက် အရှုံးပေါ်နေဆဲဖြစ်ပါကြောင်း၊ စက်ရုံပိတ်သိမ်းရမည့် အခြေအနေ ဖြစ်ပေါ်နေသော်လည်း အဆိုပါ စက်ရုံကို အမှီပြု၍ နယ်မြေအတွင်း ကြံစိုက်ပျိုးနေသော တောင်သူများ၏ ဘဝကို ငဲ့ညှာသောအားဖြင့် စက်ရုံအား ပုဂ္ဂလိကသို့ငှားရမ်းပြီး ဆက်လက်လည်ပတ်နိုင်ရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ထို့အတူ အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဇေယျဝတီသကြားစက်ရုံအနေဖြင့်လည်း နှစ်စဉ် အရှုံးပေါ်နေသဖြင့် နိုင်ငံတော်၏ဘဏ္ဍာငွေ ဆုံးရှုံးနေမှုကို တားဆီးသည့်အနေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှစတင်၍ စက်ရုံအား ရပ်ဆိုင်းခဲ့ပြီး ပုဂ္ဂလိကမှ ငှားရမ်းထုတ်လုပ်နိုင်ရေး စတင်အကောင်အထည် ဖော်နေပြီဖြစ်ပါကြောင်း။

ယနေ့ခေတ်အခြေအနေအကြောင်းအရာများကို Win Win Behavior အနေဖြင့် စဉ်းစားဆောင်ရွက်မှုသာ မှုတမှန်ကန်သောအဖြေကို ရရှိနိုင်မည်ဖြစ်ပါသောကြောင့် ကြံစိုက်တောင်သူများ၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် စားသုံးသူများ၏ အကျိုးစီးပွားတို့အပေါ် မူတည်ပြီး မှုတစွာ စဉ်းစားဆောင်ရွက်သင့်ပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦးက **"အခြား တိုင်းဒေသကြီးများနှင့် ပြည်နယ်မြို့တော်များတွင် စက်မှုဇုန်များဖြင့် စက်မှုလုပ်ငန်းများအသီးသီး လုပ်ဆောင်လျက် ရှိကြပါကြောင်း၊ စစ်တွေမြို့တွင် ယခင်လွတ်လပ်ရေးရပြီးခါစ ပါလီမန်ခေတ်တွင်ရှိခဲ့သော အသေးစား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းငယ်ကလေးများ မှာလည်း ဖျက်သိမ်းခံခဲ့ကြရသဖြင့် စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ပေးမည့်အစီအစဉ်ရှိ/မရှိ"** မေးမြန်းရာ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများကို စစ်ဆေးလမ်းညွှန်ကြီးကြပ် ဆောင်ရွက်သွားနိုင်ရန်အတွက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်စေလျက်ရှိပြီး အဆိုပါကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ကဏ္ဍအလိုက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆပ်ကော်မတီ (၁၂)ရပ်ကို ထပ်မံဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

ထပ်မံ ဖွဲ့စည်းတာဝန်ပေးခဲ့သော ဆပ်ကော်မတီ(၁၂)ရပ်တွင် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီနှင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီတို့ ပါဝင်ပါကြောင်း၊ နိုင်ငံတစ်ဝန်းတွင် ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်သော စက်မှုဇုန် (၁၈)ဇုန်ရှိပြီး ၎င်းစက်မှုဇုန်များ အဆင့်မြှင့်တင်နိုင်ရေးနှင့် လိုအပ်မည့်ဒေသများတွင်လည်း စက်မှုဇုန်အသစ်များ ထပ်မံပေါ်ထွန်းလာရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ကရင်ပြည်နယ်အတွင်း ဘားအံစက်မှုဇုန် အသစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ထို့အတူ

စက်ရုံကို အမှီပြု၍ နယ်မြေအတွင်း ကြံစိုက်ပျိုးနေသော တောင်သူများ၏ ဘဝကို ငဲ့ညှာသောအားဖြင့် စက်ရုံအား ပုဂ္ဂလိကသို့ငှားရမ်းပြီး ဆက်လက်လည်ပတ်နိုင်ရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ထို့အတူ အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဇေယျဝတီသကြားစက်ရုံအနေဖြင့်လည်း နှစ်စဉ် အရှုံးပေါ်နေသဖြင့် နိုင်ငံတော်၏ဘဏ္ဍာငွေ ဆုံးရှုံးနေမှုကို တားဆီးသည့်အနေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှစတင်၍ စက်ရုံအား ရပ်ဆိုင်းခဲ့ပြီး ပုဂ္ဂလိကမှ ငှားရမ်းထုတ်လုပ်နိုင်ရေး စတင်အကောင်အထည် ဖော်နေပြီဖြစ်ပါကြောင်း။

အားကစား ဝန်ကြီး ဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင့် ဆန်း မေးမြန်း ချက်များကို ပြန် လည် ဖြေကြား စဉ်။

(သတင်းစဉ်)

ယနေ့ခေတ်အခြေအနေအကြောင်းအရာများကို Win Win Behavior အနေဖြင့် စဉ်းစားဆောင်ရွက်မှသာ မျှတမှန်ကန်သောအဖြေကို ရရှိနိုင်မည်ဖြစ်ပါသောကြောင့် ကြံစိုက်တောင်သူများ၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် စားသုံးသူများ၏ အကျိုးစီးပွားတို့အပေါ် မူတည်ပြီး မျှတစွာ စဉ်းစားဆောင်ရွက်သင့်ပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦးက **“အခြား တိုင်းဒေသကြီးများနှင့် ပြည်နယ်မြို့တော်များတွင် စက်မှုဇုန်များဖြင့် စက်မှုလုပ်ငန်းများအသီးသီး လုပ်ဆောင်လျက် ရှိကြပါကြောင်း၊ စစ်တွေမြို့တွင် ယခင်လွတ်လပ်ရေးရပြီးခါစ ပါလီမန်ခေတ်တွင်ရှိခဲ့သော အသေးစား အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းငယ်ကလေးများ မှာလည်း ဖျက်သိမ်းခံခဲ့ကြရသဖြင့် စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ပေးမည့် အစီအစဉ်ရှိ/မရှိ”** မေးမြန်းရာ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများကို စစ်ဆေးလမ်းညွှန်ကြီးကြပ် ဆောင်ရွက်သွားနိုင်ရန်အတွက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်စေလျက်ရှိပြီး အဆိုပါကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ကဏ္ဍအလိုက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆပ်ကော်မတီ (၁၂) ရပ်ကို ထပ်မံဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

ထပ်မံ ဖွဲ့စည်းတာဝန်ပေးခဲ့သော ဆပ်ကော်မတီ(၁၂)ရပ်တွင် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီနှင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီတို့ ပါဝင်ပါကြောင်း၊ နိုင်ငံတစ်ဝန်းတွင် ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်သော စက်မှုဇုန် (၁၈)ဇုန်ရှိပြီး ၎င်းစက်မှုဇုန်များ အဆင့်မြှင့်တင်နိုင်ရေးနှင့် လိုအပ်မည့်ဒေသများတွင်လည်း စက်မှုဇုန်အသစ်များ ထပ်မံပေါ်ထွန်းလာရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ကရင်ပြည်နယ်အတွင်း ဘားအံစက်မှုဇုန် အသစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ထို့အတူ ရခိုင်ပြည်နယ်အတွင်း အသေးစားနှင့် အလတ်စား စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ပုဏ္ဏားကျွန်းနှင့် စစ်တွေ အနီးတစ်ဝိုက်သင့်တော်မည့်နေရာတွင် စက်မှုဇုန်အသစ်အား လိုအပ်သည့် အခြေအနေရောက်ရှိမှသာ ထပ်မံတည်ထောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှဦးထွန်းဇော်(ခ)ကိုပေါက်က **“ကမ္ဘာ့နိုင်ငံအချို့တွင် အစိုးရ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုမှ စိုက်ပျိုးထုတ်ကုန်သီးနှံများ စိုက်ပျိုးစရိတ်ကာမိစေရန် ထွက်ကုန်သီးနှံများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူပေးခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် လျော့နည်းစေရန် စက်ကိရိယာများ၊ သွင်းအားစုများကို ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေးခြင်း စသည်ဖြင့် တောင်သူများအား စိုက်ဧကနှင့် ထွက်ကုန်သီးနှံပမာဏ လျော့ပါးခြင်းမရှိအောင် စိုက်ပျိုးစေရေး ဆွဲဆောင်နိုင်ပါကြောင်း၊ သို့ပါ၍ တောင်သူများက ဆန်စပါးနှင့် ပဲစိုက်ဧကပမာဏနှင့် ထွက်ကုန်ပမာဏ လက်ရှိအခြေအနေထက် လျော့နည်း စိုက်ပျိုးထုတ်လုပ်ခြင်းမျိုး မရှိစေရန် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် စိုက်ပျိုးထုတ်လုပ်သူများ၏ အကျိုးစီးပွားတို့ကို ရည်မှန်းလျက် တောင်သူလယ်သမားများ ယနေ့ကြုံတွေ့နေရသော အခက်အခဲများကို နိုင်ငံတော်အစိုးရမှ ဖြေရှင်းပေးမည့်အစီအစဉ်ရှိ/မရှိ”** မေးမြန်းရာ ၂၀၁၀-၂၀၁၁ စိုက်ပျိုးရာသီတွင် မိုးနွေစပါးစိုက်ဧကပေါင်း (၁၉ ဒသမ ၆၀)သန်းမှ စပါးတင်းသန်းပေါင်း (၁၂၈၅ ဒသမ ၉၇)ထွက်ရှိပြီး ပြည်ပသို့



အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဦးတင်မောင်မြင့် လွှတ်တော်အခွင့်ရေးကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။

(သတင်းစဉ်)

ဆန်တန်ချိန်(၀ ဒသမ ၅၃၇)သန်း တင်ပို့နိုင်ခဲ့ပါကြောင်း။

၂၀၀၇ - ၂၀၀၈ ဘဏ္ဍာနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အထိ (၄)နှစ်တာ ကာလအတွင်း ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ဆန်မက်ထရစ်တန်(၈ ဒသမ ၉၅)သိန်း အမေရိကန်ဒေါ်လာ (၂၇၉ ဒသမ ၆၈၃)သန်း တင်ပို့ခဲ့ရာ အများဆုံးဖြစ်ပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန်(၃ ဒသမ ၆၅) သိန်း အမေရိကန်ဒေါ်လာ (၁၀၄ ဒသမ ၅၇၉)သန်းဖြင့် အနည်းဆုံးတင်ပို့ခဲ့ပါကြောင်း၊ ကိန်းဂဏန်းများအရ အာဖရိကဈေးကွက်သို့ တင်ပို့နေရကြောင်း တွေ့ရသည့်အတွက် အာရှဈေးကွက်တွင် ဈေးကွက်ထိုးဖောက်ရှာဖွေသွားရန် လိုအပ်ကြောင်း၊ ထို့အပြင် ညှော်မထ (၁၀၀)ရာခိုင်နှုန်းနှင့် ပေါ်ဆန်း (၁၀၀)ရာခိုင်နှုန်းတို့ကဲ့သို့ တန်းမြင့်ဆန်များဝယ်သည့် ဈေးကွက်တည်မြဲရေးနှင့် ပြည်တွင်းမှလည်း စိုက်ပျိုးထုတ်လုပ်နိုင်သည့် အနေအထားရှိအောင် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထုတ်လုပ်မှုအပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုရရှိစေရန်အတွက် အထူးပြုကုမ္ပဏီများမှ စိုက်စရိတ်သွင်းအားစုနှင့် လယ်ယာသုံးစက်ကိရိယာထောက်ပံ့မှုများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထောက်ပံ့မှုများနှင့် သမဝါယမအသင်းအဖွဲ့များမှ ထောက်ပံ့ပေးမှုများဖြင့် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အထူးပြုကုမ္ပဏီ (၆၀)သည် ၂၀၀၉-၂၀၁၀ စိုက်ပျိုးရာသီတွင် မိုး/နွေစပါးနှင့် ပဲမျိုးစုံအတွက် တောင်သူ (၆၁၄၇၃)ဦး၏ စိုက်ဧက (၆၂၈၅၄၂)အတွက် ပံ့ပိုးငွေကျပ် (၂၉ ဒသမ ၁၃၉)ဘီလီယံ၊ ၂၀၁၀-၂၀၁၁ တွင် တောင်သူ(၁၀၀၉၁၉)ဦး၏ စိုက်ဧက(၈၀၇၀၆၃)အတွက် ပံ့ပိုးငွေကျပ်(၃၅ ဒသမ ၉၅၉)ဘီလီယံရှိခဲ့ပြီး ၂၀၁၁-၂၀၁၂ မိုးစပါးနှင့် မိုးပဲမျိုးစုံ စိုက်ပျိုးချိန်တွင် တောင်သူ(၅၁၇၂၄)ဦး၏ စိုက်ဧက (၃၇၇၅၆၇)အတွက် ပံ့ပိုးငွေကျပ်(၁၇ ဒသမ ၁၄၃)ဘီလီယံ ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီတွင် စပါးတစ်ဧကငွေကျပ်(၂၀၀၀၀)နှုန်း၊ အခြားသီးနှံ တစ်ဧက ငွေကျပ် (၁၀၀၀၀)နှုန်း ထုတ်ချေးလျက်ရှိရာမှ နိုင်ငံတော်သမ္မတကြီး၏လမ်းညွှန်ချက်အရ စပါးတစ်ဧကချေးငွေ ငွေကျပ်(၄၀၀၀၀)အထိ တိုးမြှင့်ထုတ်ချေးပေးလျက်ရှိပါကြောင်းနှင့် အခြားသီးနှံ တစ်ဧကငွေကျပ်(၁၀၀၀၀) နှုန်းကိုလည်း ထုတ်ချေးပေးလျက်ရှိပါကြောင်း။

သမဝါယမဝန်ကြီးဌာန အနေဖြင့် နေပြည်တော်ကောင်စီ၊ ရန်ကုန်၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီအတွက် မြို့နယ် (၅၀)တွင်ရှိသည့် လယ်ယာထုတ်ကုန်နှင့် လက်လုပ်လက်စား ငွေစုငွေချေးအသင်း(၁၃၂၂)သင်းမှ အသင်းသား(၂၂၂၄၃)ဦး၊ စိုက်ဧက(၇၉၈၉၃) အတွက် ငွေကျပ်သန်း(၃၅၇၀ ဒသမ ၉၃)ကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်(၁၃)ခု၊ မြို့နယ်(၁၉၉) မြို့နယ်မှ စိုက်ပျိုးရေးထုတ်လုပ်ရေး သမဝါယမအသင်း (၅၇၇)သင်း၏ စိုက်ဧက(၂၃၇၀၅၀)အတွက် စိုက်ပျိုးစရိတ်ပံ့ပိုးငွေကျပ်(၄၄၄၇ ဒသမ ၅၄) သန်းကိုလည်းကောင်း ပံ့ပိုးခဲ့သည်ကို တွေ့ရှိရပါကြောင်း။

တစ်ဧက ထုတ်လုပ်မှုကုန်ကျစရိတ် ကျဆင်းစေရန်အတွက် ဓာတ်မြေဩဇာများကို အကောက်အခွန် စည်းကြပ်မှုကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုထားရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် တန်ဖိုး အမေရိကန်ဒေါ်လာ(၁၀ ဒသမ ၀၃)သန်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် တန်ဖိုး အမေရိကန်ဒေါ်လာ (၁၄ ဒသမ ၉၇)သန်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဩဂုတ်လ ၂၂ ရက်နေ့ထိ တန်ဖိုး အမေရိကန်ဒေါ်လာ(၈ ဒသမ ၄၈)သန်း တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း၊ အလားတူ လယ်ယာသုံးစက်ကိရိယာ တင်သွင်းမှုတွင်လည်း မိမိပိုင် လယ်ယာမြေများတွင် အသုံးပြုရန်မှန်ကန်ကြောင်း စက်မှုလက်မှုလယ်ယာဦးစီးဌာန၏ထောက်ခံချက်ပါရှိပါက အကောက်အခွန် စည်းကြပ်မှုကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုထားပါကြောင်း။

ပိုလျှံသောသီးနှံများ ပြည်ပတင်ပို့ရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ဈေးနှုန်းကွာဟမှုလျော့ချပြီး Quality Control အပိုင်း တိုးတက်မြင့်မားလာရေး၊ စိုက်ပျိုးထုတ်လုပ်မှု၊ ကြိတ်ခွဲထုတ်လုပ်မှုနှင့် တန်းမြင့်ဆန်များ ပြည်ပတင်ပို့နိုင်မှုများကိုပါ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ Quality မြင့်မားလာသည်နှင့်အမျှ End User ရရှိရေး၊ ဈေးကွက်ထိုးဖောက်ရေး၊ နိုင်ငံတကာ Demand ရရှိရေးတို့ကို ပုံမှန်ဖြစ်စေရန် UMFCCI၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

စပါးပေါ်ချိန်တွင် တောင်သူလယ်သမားများ အရှုံးမပေါ်စေရအောင် အစိုးရနှင့် ဆန်ကုန်သည်ကြီးများ ဖက်စပ်ငွေကြေးစိုက်ထုတ်ကာ အခြေခံဈေးနှုန်းတစ်ခုဖြင့် သတ်မှတ်ဝယ်ယူပြီး နိုင်ငံတော်၏ အရန်ဆန်အဖြစ် ထားရှိရန် အစီအစဉ်သစ်တစ်ရပ်ကို စီမံထားရှိပြီးဖြစ်ကြောင်းနှင့် ပြည်ပပို့ကုန်ပို့နေသည့် ကုန်သည်ကြီးများ ပို့ကုန် ကျဆင်းမသွားစေရန်နှင့် ဒေါ်လာဈေးကျဆင်းမှုမှ ထိခိုက်နစ်နာမှု သက်သာစေရန် ကုန်သွယ်ခွန်(၈) ရာခိုင်နှုန်းကို (၅)ရာခိုင်နှုန်းသို့ လျှော့ပေးခဲ့ရာမှ ယခုအခါ အားလုံးလျှော့ပေါ့ပေးပြီး ကုန်သွယ်ခွန်ပေးရန်မလိုဘဲ လွတ်လပ်စွာ ကုန်သွယ်နိုင်အောင် နိုင်ငံတော်မှ စီမံပေးခဲ့ပါကြောင်း။

အဆိုပါ ဆောင်ရွက်ချက်များသည် ဆန်စပါးနှင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၏ ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းပေးခဲ့သည့် အစီအစဉ်များဖြစ်ပါကြောင်းဖြင့်ပြန်လည်ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှဦးမှတ်ကြီးက **“နေပြည်တော်ကောင်စီနယ်မြေ (၈)မြို့နယ်အနက် ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်တို့တွင် သီးနှံအထူးပြုကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်များတွင် ကျန်ရှိနေပါသဖြင့် တောင်သူများ၏ ဆန္ဒအရ ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိ”** မေးမြန်းရာ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီးများကို နိုင်ငံတော်အစိုးရနှင့် သီးနှံအထူးပြုကုမ္ပဏီကြီးများက စိုက်ပျိုးစရိတ်များ ပံ့ပိုးပေးလျက်ရှိရာ ကျန်ရှိနေသော ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့တွင်လည်း အထူးပြုကုမ္ပဏီများနှင့် ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးစံပြည့်က **“အင်းတော်ကြီးကန်အား ပြုပြင်ထိန်းသိမ်းမှု အားနည်းနေသဖြင့် ကာလကြာမြင့်လျှင် ကန်ရေလျော့ပါးခြင်းနှင့် ကန်ပျက်စီးယိုယွင်းမှုများ ရှိလာနိုင်၍ အင်းလေးကန်ကဲ့သို့ ကန်ရေထိန်းစနစ်များနှင့် ပတ်ဝန်းကျင်အလှရှုခင်းများပြုလုပ်ခြင်း၊ ပြည်တွင်းပြည်ပလေ့လာရေးခရီးသည်များ အပန်းဖြေနားနေတည်းခိုရန် ဟိုတယ်၊ မိုတယ်များ တည်ဆောက်ခြင်းနှင့် အခြားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ပြည်ထောင်စုအစိုးရက မည်သို့စီမံထားရှိသည်ကို သိရှိလိုပါကြောင်း”** မေးမြန်းရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မြန်မာနိုင်ငံ၏ သစ်တောမူဝါဒအရ နိုင်ငံဧရိယာ၏(၁၀) ရာခိုင်နှုန်းကို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အမျိုးသားဥယျာဉ်အစရှိသည့် သဘာဝနယ်မြေများအဖြစ် ဖွဲ့စည်းလျက်ရှိပြီး ယနေ့အထိ သဘာဝနယ်မြေ(၃၆)ခု၊ စတုရန်းမိုင်(၁၄၀၀၀) ကျော်၊ နိုင်ငံဧရိယာ၏(၅ ဒသမ ၆)ရာခိုင်နှုန်းကို ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ မိုးညှင်းမြို့နယ်တွင်ရှိသည့် အင်းတော်ကြီး တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောလည်း ပါဝင်ပါကြောင်း။

အင်းတော်ကြီးကန်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်းတွင်းရေအိုင်ကြီးဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ(၅၄၆)ပေတွင် တည်ရှိ၍ တောင် မြောက်(၁၄)မိုင်၊ အရှေ့အနောက် (၇)မိုင်ရှိပြီး စတုရန်းမိုင် (၁၀၀)ကျယ်ဝန်းပါကြောင်း၊ အင်းတော်ကြီးကန်အတွင်းတွင် ရှားပါးတိရစ္ဆာန်နှင့် အပင်မျိုးစိတ်အများအပြားတွေ့ရှိရသည့်အပြင် မြောက်ဝင်ရိုးစွန်းဒေသမှ ဆောင်းခိုငှက်များ လာရောက်ကျက်စားကြသည့်အတွက် ပြည်တွင်းပြည်ပငှက်ပညာရှင်များ အာရုံစိုက်လေ့လာမှုပြုရသည့် ဒေသဖြစ်ပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝပြီး သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများ ရှိနေသေးသည့်အတွက်ကြောင့်လည်း ရှားပါးငှက်မျိုးစိတ်များနှင့် အခြားတောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စားနေကြခြင်း ဖြစ်ပါကြောင်း၊ အင်းတော်ကြီးကန်ပတ်ဝန်းကျင်တွင် အမြဲစိမ်းသစ်တောများရှိပြီး တောရိုင်းဆင်များ၊ စိုင်၊ ပြောင်စသည့် နို့တိုက်သတ္တဝါကြီးများ၊ ရှားပါးမျောက်လွှဲကျော်မျိုးစိတ်များနှင့် သစ်တောက်ငှက် (Forest Bird)များ ယနေ့အထိ နေထိုင်ကျက်စားလျက် ရှိပါကြောင်း။

အင်းတော်ကြီးကန် အနီးတစ်ဝိုက်တွင် ကျေးရွာအုပ်စု (၁၁)စု၊ ကျေးရွာ (၃၆)ရွာရှိပြီး ကျေးရွာ(၁၃)ရွာမှာ ကန်ပတ်လည်၌တည်ရှိပြီး ကန်၏အလယ်တွင် တည်ရှိသည့် ရွှေမဉ္ဇူစေတီသည် သမိုင်းဝင်ဖြစ်ပြီး အနယ်နယ်အရပ်အရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ကြပါကြောင်း၊ အင်းတော်ကြီးကန်ဒေသတွင် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများကို တွေ့ရှိနိုင်ပြီး သမိုင်းဝင်ဘာသာရေးဆိုင်ရာ အဆောက်အအုံများလည်း တည်ရှိပါကြောင်း၊ သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝပြီး ဧရာဝတီမြစ်ကြီးအတွက် ရေဝေရေလဲဒေသကြီးတစ်ခုဖြစ်၍ ထာဝစဉ်တည်တံ့စေရေးအတွက် စဉ်ဆက်မပြတ်ကာကွယ်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ရေပြင်ဧရိယာ (၆၄၀၀၃) ဧကနှင့် ပတ်လည်ရှိ သစ်တောကြိုးဝိုင်း(၅)ခု ဧရိယာ(၁၃၇၃၈၆)ဧက၊ စုစုပေါင်း ဧရိယာ(၂၀၁၃၈၉) ဧကကို “အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော”

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သိန်း မေးမြန်းစဉ်။

(သတင်းစဉ်)

အဖြစ် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၉-၈-၂၀၀၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၀၄) ဖြင့် သတ်မှတ်ကြေညာခဲ့ပါကြောင်း၊ ထို့အပြင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ(၁၈) ရက်နေ့တွင် အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို အာဆီယံ အမွေအနှစ်ဥယျာဉ် (ASEAN Heritage Park)တစ်ခုအဖြစ် သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

အင်းတော်ကြီးကန်အုပ်ချုပ်ရေးမှူးရုံးကို သစ်တောဦးစီးဌာနက ၁၉၉၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ထိန်းသိမ်းရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ ကန်ကို ထိန်းသိမ်းကာကွယ်ထားပါကြောင်း၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဝန်ထမ်းများအပြင် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများကလည်း ပူးပေါင်း၍ ထိန်းသိမ်းကာကွယ်လျက်ရှိပါကြောင်း။

အင်းတော်ကြီးကန်၏ ကုန်းတွင်းရေတိမ်ဂေဟစနစ်များကို ထိန်းသိမ်းရန်၊ ဆောင်းခိုငှက်များနှင့် ရှားပါးတောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းကာကွယ်ရန်နှင့် ဧရာဝတီမြစ်၏ရေဝေရေလဲဒေသကို ထိန်းသိမ်းရန်အတွက် အမျိုးသားသစ်တောကဏ္ဍနှစ်(၃၀) ပင်မစီမံကိန်းနှင့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု (၁၀)နှစ်စီမံကိန်း စသည်ဖြင့် နှစ်စဉ်စီမံကိန်းများရေးဆွဲပြီး ဆောင်ရွက်နေပါကြောင်း။

အင်းတော်ကြီးကန်၏ ရေရှည်တည်တံ့မှုကို အလေးထားဆောင်ရွက်နေသော်လည်း စီးပွားရေးသမားအချို့နှင့် မသမာသူအချို့တို့က အင်းတော်ကြီးကန် ဒေသအတွင်း တရားမဝင်သစ်ခိုးခုတ်ခြင်း၊ တောင်ယာခုတ်ခြင်းဖြင့် လယ်မြေ၊ ယာမြေကျူးကျော်ခြင်း၊ ရွှေနှင့်ဓာတ်သတ္တုများ တူးဖော်ခြင်းတို့ကို စည်းကမ်းမဲ့လုပ်ကိုင်နေကြသည့်အတွက် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလမှ ဇွန်လအတွင်း အင်ဂျင်စက် (၅၄)လုံး၊ မော်တော်ဆိုင်ကယ် (၂)စီး၊ စက်လှ(၁)လက်နှင့်သစ်ခွဲသား(၇ ဒသမ ၄၅)တန်တို့ကို သိမ်းဆည်းအရေးယူဆောင်ရွက်ခဲ့ရပါကြောင်း၊ ထိုသို့ တရားမဝင်လုပ်ကိုင် ဆောင်ရွက်နေမှုများကြောင့် နောက်ဆက်တွဲဆိုးကျိုးများအနေနှင့် အင်းတော်ကြီးကန်၏ ရေဝေရေလဲသစ်တောများ ပြုန်းတီးခြင်း၊ မြေဆီလွှာတိုက်စားပြီး သဲနုန်းပို့ချမှုများပြားကာ ကန်ရေတိမ်ကောလာစေခြင်း၊ ရေအရည်အသွေးလျော့ကျပြီး ရေကောင်းရေသန့် မရရှိနိုင်ခြင်းနှင့်ကန်အတွင်းရှိ ရေနေသတ္တဝါများအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးခြင်းစသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်ပါကြောင်း။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနှင့် ယင်းဖြစ်စဉ်များကို တားဆီးကာကွယ်နိုင်ရန် ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်းမှ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ ဒေသခံများနှင့် ပူးပေါင်း၍ ဥပဒေနှင့်အညီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အမျိုးသားဥယျာဉ်များကို ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းတို့ကို စီမံခန့်ခွဲသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မိတ်ဖက်နိုင်ငံတကာအဖွဲ့အစည်းများနှင့် နည်းပညာအတွေ့အကြုံများ အပြန်အလှန်ဖလှယ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီး၏ ထောင်စုနှစ်ရည်မှန်းချက် (Millennium Development Goal)တစ်ခုဖြစ်သည့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းစဉ် တစ်ရပ်လည်းဖြစ်၊ အစိမ်းရောင်စီးပွားရေး လုပ်ငန်းလည်းဖြစ်သည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အင်းတော်ကြီးကန်ဒေသတွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများကိုလည်း ဆက်လက်ထိန်းသိမ်းသွားနိုင်မည် ဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဟန်ချက်ညီညီ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှဦးထွန်းကျော်က **“လူငယ်လူရွယ်များ၊ ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာသန်စွမ်းမှုကိုလည်းကောင်း၊ ပေါင်းသင်းဆက်ဆံရေးကိုလည်းကောင်း၊ စုပေါင်းဦးဆောင်မှု၊ စုပေါင်းလုပ်ဆောင်မှု၊ စုပေါင်းတာဝန်ယူမှုကိုလည်းကောင်း ရရှိစေရန် ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့၌ စံချိန်စံညွှန်းမီ ဘောလုံးကွင်းတစ်ကွင်းနှင့် မိုးလုံလေလုံ အားကစားခန်းမ အဆောက်အအုံတစ်ခုကို ပြည်ထောင်စုအစိုးရမှ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ”**မေးမြန်းရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လိုအပ်သော တည်ဆောက်ပြီးအားကစားကွင်း၊ အားကစားခန်းမများ ရေရှည်တည်တံ့အသုံးပြုနိုင်အောင် ပြုပြင်ထိန်းသိမ်းလျက်ရှိသည့်အပြင် အားကစားကွင်း၊ အားကစားခန်းမ မရှိသေးသော ခရိုင်၊ မြို့နယ်များတွင် အားကစားကွင်း၊ အားကစားခန်းမအသစ်များ ဆောက်လုပ်ပေးလျက် ရှိပါကြောင်း။

အားကစား ဝန်ကြီးဌာနအနေဖြင့် အားကစားကွင်း၊ အားကစားခန်းမအသစ်များ ဦးစားပေးအစီအစဉ်အရ ဆောက်လုပ်ပေးခဲ့ရာ ယခုအခါ တစ်ပြည်လုံးတွင် မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်း (၃၀၈)ကွင်း၊ ပြေးလမ်းမပါ ဘောလုံးကွင်း(၁၅၁)ကွင်းနှင့် မိုးလုံလေလုံအားကစားခန်းမ(၁၃၂)ခု တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း။

ထိုသို့ ဘောလုံးကွင်းအသစ်များ၊ အားကစားခန်းမအသစ်များ တည်ဆောက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များ၊ ခရိုင်မြို့များနှင့် အားကစားအစဉ်အလာရှိသော၊ အားကစားလှုပ်ရှားမှုများသော မြို့နယ်များတွင် မြေနေရာရရှိမှုအပေါ် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ကျန်မြို့နယ်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

အားကစားဝန်ကြီးဌာန အနေဖြင့် မြို့နယ်တိုင်းတွင် မီတာ(၄၀၀) ပြေးလမ်းပါ စံချိန်မီဘောလုံးကွင်း ရှိရန် ဆောင်ရွက်လျက် ရှိပါသောကြောင့် နမ့်ဆန်မြို့၌ မီတာ(၄၀၀)ပြေးလမ်းပါ စံချိန်မီဘောလုံးကွင်း (၁)ကွင်းနှင့် အားကစားခန်းမ တည်ဆောက်ခြင်းအား ဦးစားပေးအစီအစဉ်အတိုင်း အမြန်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အဖွဲ့ဝင် ဦးသိန်းဝင်းက ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ဦးတင်မောင်မြင့်က လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းနောင်က အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကိုလည်းကောင်း အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းကြပြီး ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမျိုးသား လွှတ်တော်ဌာနသို့ အမည်စာရင်းတင်သွင်းကြရန် လွှတ်တော်က ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၀)ရက် မြောက်နေ့ကို ညနေ(၃) နာရီခွဲတွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၀ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်း(၁၁)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ အစီရင်ခံစာများ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ဘောလုံးအားကစားစွမ်းရည်မြှင့်တင်နိုင်ရေး အကြံဉာဏ်များ၊ အကြံပြုချက်များ ပွင့်ပွင့်လင်းလင်းရေးသားပြုစုပေး

နေပြည်တော် စက်တင်ဘာ ၁၉

အမျိုးသားအားကစားဖြစ်သည့် ဘောလုံးအားကစား တိုးတက်အောင်မြင်လာစေရေးအတွက် ဘောလုံးကလပ်အသင်းများကို ဖွဲ့စည်းကာ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲများကို ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဘောလုံးကလပ်အသင်းများအနေဖြင့် ငွေကြေးစိုက်ထုတ် ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ယခင်က မြန်မာ့ဘောလုံးအဆင့်အတန်းသည် အာရှအဆင့်အထိ အောင်မြင်မှုရရှိခဲ့သည့်နည်းတူ ယခုအခါတွင်လည်း ဘောလုံးအားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲက မြန်မာ့ဘောလုံးအားကစားစွမ်းရည် မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရန် လမ်းညွှန်ထားကြောင်းဖြင့် ယနေ့ နံနက် ၈နာရီခွဲတွင် နေပြည်တော် အားကစားဝန်ကြီးဌာနရှိ စုပေါင်းခန်းမ၌ ကျင်းပသည့် မြန်မာ့ဘောလုံးအားကစားစွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေး၌ မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးသို့ တက်ရောက်လာသော ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဘောလုံးကလပ်အသင်းများ၊ အားကစားကလောင်ရှင်များအနေဖြင့် မြန်မာ့ဘောလုံးအားကစားစွမ်းရည် မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် အကြံဉာဏ်များ၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ရေးသားပြုစုပေးကြရန်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် မပါဝင်သော ဘောလုံးအားကစားဝါသနာရှင်များအနေဖြင့်လည်း ဝေဖန်အကြံပြုချက်များကို ပေးပို့လိုပါက ပေးပို့နိုင်ကြောင်း၊ ယခု အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး တင်ပြကြသည်။

မြန်မာ့ဘောလုံးအားကစားစွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ အောက်တိုဘာလအတွင်း ကျင်းပသွားမည်ဖြစ်ရာ အကြံပြုစာတမ်းများ ရေးသားတင်ပြလိုသူ၊ အကြံပြုစာများ ပေးပို့လိုသူများအနေဖြင့် ရုံးအဖွဲ့မှူး အားကစားဝန်ကြီးဌာန ရုံးအမှတ်(၃၁) နေပြည်တော် ဖုန်း-၀၆၇-၄၀၆၀၃၈နှင့် သတင်းနှင့် ပြန်ကြားရေးဌာန ဒါရိုက်တာ ဦးစိုးမိုးကျော် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး ဝေဇယန္တာလမ်း ရန်ကုန်မြို့သို့ စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မြန်မာ့ဘောလုံးအားကစားစွမ်းရည် မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကယားပြည်နယ်ဝန်ကြီးချုပ် ကတ္တရာလမ်းသစ် ဖွင့်ပွဲတက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၉

လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ရက် နံနက် ၉ နာရီတွင် လွိုင်ကော်မြို့ အဆိုပါ လမ်းသစ်အဝင်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးချစ်လှတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ကတ္တရာလမ်းသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် လွိုင်ကော်မြို့အတွင်းရှိ ဒေါ်နိုးကူးရပ်ကွက်၊ မင်းစုရပ်ကွက်နှင့် နမ့်ကွတ်ကျေးရွာတို့ ဘီလူးချောင်း ရေမဝင်ရောက်နိုင်ရေးအတွက် တာပေါင်ဖို့ခြင်း ဆောင်ရွက်နေသော နေရာများသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဖယ်ခုံမြို့နယ် မိုးဗြဲမြို့ ညောင်ဝိုင်းရပ်ကွက်ရှိ နေအိမ်များ ရေနစ်မြုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားခဲ့သည်။ (သတင်းစဉ်)

လွိုင်ကော်မြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် အဖွဲ့ ဖြတ်သန်း ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၉-၉-၂၀၁၁

ပေါင်
၄ ဒသမ ၄၁ လက်မ
ကျိုက္ခမီ
၂ ဒသမ ၅၂ လက်မ
ချောင်းဆုံ
၂ ဒသမ ၂၈ လက်မ
ထားဝယ်
၂ ဒသမ ၂၁ လက်မ
ကိုကိုးကျွန်း
၂ ဒသမ ၂၁ လက်မ
ပုသိမ်
၂ ဒသမ ၀၉ လက်မ
တောင်ကုတ်
၂ ဒသမ ၀၁ လက်မ
မုဒုံ
၂ ဒသမ ၀၁ လက်မ

အစည်းအဝေးတက်ရောက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် (၉)အကြိမ်မြောက် အရှေ့အာရှဖိုရမ် အစည်းအဝေးသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် (၉)ကြိမ်မြောက် အရှေ့အာရှဖိုရမ် အစည်းအဝေး တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချမ်ဒူးမြို့၌ စက်တင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် (၉)ကြိမ်မြောက် အရှေ့အာရှဖိုရမ် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၆ ရက်တွင် ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က မိန့်ခွန်းပြောကြားရာ၌ အာဆီယံ ဆက်သွယ်ပေါင်းစည်းရေးသည် အာဆီယံပေါင်းစည်းမှုတွင် အရေးပါမှု၊ အာဆီယံအတွင်း ဆက်သွယ်ပေါင်းစည်းရေးအတွက် ဒေသဆိုင်ရာဖွံ့ဖြိုးမှုဧရိယာများထူထောင်မှုနှင့် (၁၇)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးက ချမှတ်ခဲ့သည့် အာဆီယံဆက်သွယ်ပေါင်းစည်းရေး မဟာစီမံကိန်း အကောင်အထည်ဖော်မှုတွင် အာဆီယံ+၃ နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံများက ပါဝင်ပူးပေါင်းဆောင်ရွက်ရေးကို ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ဒေသဆိုင်ရာ အသိုက်အဝန်း ထူထောင်နိုင်ရန် ပေါင်းစည်းမှုတွင် ဒေသအတွင်း ကူးလူးဆက်ဆံမှု အဆက်အသွယ်များ တိုးမြှင့်ထူထောင်မှု၊ ပိုမိုကြီးမားသည့် ဈေးကွက်များအဖြစ် ပေါင်းစည်းမှုနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ချိတ်ဆက်မှုနှင့် နည်းပညာလွှဲပြောင်းမှုတို့၏ အရေးပါမှုများ၊ မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ အသိုက်အဝန်းတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ တက်ကြွစွာ ပါဝင်သွားမည့်အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

အရှေ့အာရှဖိုရမ်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံများမှ အရှေ့အာရှ အသိုက်အဝန်းတစ်ရပ် ပေါ်ပေါက်လာရေး ဦးတည်၍ ထူထောင်ထားရှိခြင်းဖြစ်ပြီး အစိုးရ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်ဖြစ်ရာ ယခုကျင်းပသည့် အစည်းအဝေးသို့ အာဆီယံ+ ၃ နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်ပေါင်း ၁၀၀ ကျော်မျှ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်၌ မွေးမြူရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၁၉

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ် အောင်ပန်းမြို့ ညောင်ပင်ထောင်ရပ်ကွက်၌ နို့စားနွားမွေးမြူသူများနှင့် တွေ့ဆုံပြီး ညနေပိုင်းတွင် တောင်ကြီးမြို့ မိုင်းသော်အရှေ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ တောင်နီကျေးရွာ၊ ဆင်တဲကျေးရွာ၊ ဘုရားငါးဆူကျေးရွာ၊ ဟဲကယ်ကျေးရွာတို့မှ ဒေသနွားမွေးမြူသူများနှင့် လည်းကောင်း၊ ရေပူကျေးရွာ၌ ရေပူကျေးရွာ၊ ကွန်လုံကျေးရွာ၊ ဟိုနားကျေးရွာ၊ သနပ်ပင်ကျေးရွာတို့မှ ဒေသနွားမွေးမြူသူများနှင့် လည်းကောင်း တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု နွားမွေးမြူသူများ အစုအဖွဲ့ ဖွဲ့စည်းရေးကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ရပ်စောက်မြို့ သရက်ပင်ကျေးရွာရှိ နွားမွေးမြူသူ ဦးကစ္စနား၏ နွားမွေးမြူရေးခြံကို ကြည့်ရှုအားပေးပြီး ပင်ဖြစ်ကျေးရွာ၌ ဒေသနွားမွေးမြူသူများနှင့် တွေ့ဆုံ၍ နွားမွေးမြူသူများ အစုအဖွဲ့ ဖွဲ့စည်းရေး ဆွေးနွေးမှာကြားကာ ရပ်စောက်မြို့ ဆင်လျှောကျေးရွာရှိ ဦးနိုမူ၏ နွားမွေးမြူရေးခြံကို ကြည့်ရှုအားပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁၇ ရက်တွင် ညောင်ရွှေမြို့ တိလောကျေးရွာအုပ်စု ဗောရိသကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်အောင်၏ ကျိုင်းတုန်မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုအားပေးပြီး ရှမ်းပြည်နယ် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်နှင့်အတူ ညောင်ရွှေမြို့ရှိ ညောင်ရွှေ ငါးလုပ်ငန်းစခန်း၌ ကျင်းပသည့် အင်းလေးကန်အနီးတစ်ဝိုက် ရေနစ်မြုပ်ခံရသော ငါးမွေးမြူရေးကန် လုပ်ငန်းရှင်များအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားကာ ငါးမြစ်ခြင်း၊ ထိုင်းငါးခုံးမ ကောင်ရေ ခြောက်သိန်းခန့်ကို ရှမ်းပြည်နယ် အင်းတိုင်းရင်းသားရေးရာ ဝန်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီးတို့သည် ရေနစ်မြုပ်ခြင်းခံရသော ငါးမွေးမြူရေးကန်လုပ်ငန်းရှင်များအား ငါးသားပေါက်များ လွှဲပြောင်းပေးအပ်သည်။ အလားတူ ကယားပြည်နယ် လွိုင်ကော်မြို့တွင်လည်း ရေလွှမ်းမိုးခံရသည့် ငါးကန်ပိုင်ရှင်များအား ငါးသားပေါက်ကောင်ရေ သုံးသိန်းကျော်ကို အခမဲ့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အင်းတိုင်းရင်းသားရေးရာ ဝန်ကြီးတို့သည် အင်းလေးဖောင်တော်ဆိပ်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ကျင်းပသော ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ငါးရှဉ့်၊ ငါးဖိန်း၊ ငွေရောင် ငါးကြင်း စုစုပေါင်း ငါးမျိုးကောင်ရေ ရှစ်ထောင်ကျော်ကို အင်းလေးကန်အတွင်းသို့ မျိုးစိုက်ထည့်ပေးကြကာ ဒုတိယဝန်ကြီးသည် ညောင်ရွှေမြို့နယ် ညောင်ရွှေ ငါးမွေးမြူရေးကန်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ညောင်ရွှေမြို့ နန်းသီတာကျေးရွာရှိ တက်ချောင်မျိုး ကြက်မွေးမြူရေးခြံနှင့် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ရှိ တက်ချောင် အစာစပ်စက်ရုံတို့ကို ကြည့်ရှုအားပေးပြီး တောင်ကြီးမြို့ရှိ ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ နို့ဆီချက်လုပ်ငန်းလုပ်ကိုင်သူများနှင့် တွေ့ဆုံကာ ရပ်စောက်မြို့ တောင်နီကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးကျော်လွင်၏ ဖရီရှန်နို့စားနွားမွေးမြူရေးခြံကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁၈ ရက်တွင် ရှမ်းပြည်နယ် နောင်တရားကျေးရွာရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဥစားကြက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးပြီး ကယန်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးလောရင့်နှင့်အတူ မိုးဗြဲကျေးရွာရှိ ပုလဲနဒီကုမ္ပဏီ၏ အအေးပိုင်းငါးမွေးမြူရေးစခန်းသို့ ရောက်ရှိကာ စခန်းအတွင်း မွေးမြူထားရှိသည့် အအေးပိုင်း စတာဂျီဂွန် ငါးမွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

တပေါ်စ တော်မင်္ဂလ မုတ္တမံ

ငြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

အင်းလေးကန်ထိန်းသိမ်းရေး နှစ်ရှည်စီမံကိန်းတစ်ခု နော်ဝေးနိုင်ငံအစိုးရ၏ပံ့ပိုးမှုနှင့် အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိ

မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပြုလုပ်နိုင်လောက်သော အခြေအနေဖြစ်ပေါ်လာပါက ပြန်လည်ဆောင်ရွက်နိုင်မည်

နေပြည်တော် စက်တင်ဘာ ၁၉

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၇၈)ဦးတို့ တက်ရောက်ကြသည်။

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း (၆)ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများ မေးမြန်းခြင်းကဏ္ဍတွင် ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၏ **"ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်းရှိ အင်းလေးကန်သည် လွန်ခဲ့သည့်(၃)နှစ်ခန့်မှစ၍ ယခုအချိန်ထိတိုင်အောင် မကြုံစဖူး ထူးကဲစွာ ရေများလျော့နည်းလာသောကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး သန့်ရှင်းသော သောက်သုံးရေနည်းပါးမှုနှင့် ကြုံတွေ့နေရသဖြင့် အင်းလေးကန်အတွင်း သန့်ရှင်းသောရေကောင်း ရေသန့်များ ရရှိစေရေးအတွက် နိုင်ငံတော်က မည်သို့မည်ပုံ ဆောင်ရွက်ပေးမည်ကိုသိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန **စာမျက်နှာ ၆ ကော်လံ ၁ သို့**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

တန်းမြင့်ဆန်များဝယ်သည့် ဈေးကွက်တည်မြဲရေးနှင့် ပြည်တွင်းမှလည်း စိုက်ပျိုးထုတ်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်ကြရန်လို

နမ့်ဆန်မြို့တွင် မီတာ ၄၀၀ ပြေးလမ်းပါ စံချိန်မီဘောလုံးကွင်းတစ်ကွင်းနှင့် အားကစားခန်းမတည်ဆောက်ခြင်း အမြန်ဆောင်ရွက်ပေးမည်

နေပြည်တော် စက်တင်ဘာ ၁၉

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၉၈)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၃)ဦးတို့က လျှပ်စစ်ကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်သိန်းက **"အခြားမြို့များနှင့် လမ်းတံတားအဆက်အသွယ်မရှိသည့် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၏ စက်မှုလက်မှုရေခံမြေခံကောင်းတို့သည် လျှပ်စစ်ဓာတ်အားမရှိမှုကြောင့် ပျောက်ကွယ်နေပါသဖြင့် မဟာဓာတ်အားလိုင်း ဆက်သွယ်ပေးနိုင်ခြင်း ရှိ/မရှိ"** မေးမြန်းရာ မွန်ပြည်နယ် ချောင်းဆုံမြို့တွင် မီးသုံးသူဦးရေ (၁၆၉၅)ဦး **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)